ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်၊ တနင်္လာနေ့၊ (17-4-2006) (၄၉၃၀)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ကျောက်တော်မြို့ မဟာမုနိဘုရား ဖူးမြော်ကြည်ညို

ရန်ကုန် ဧပြီ ၁၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ရောက်ရှိကြပြီး မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များနှင့်အတူ နံနက် ၁၁ နာရီတွင် ကျောက်တော်မြို့ မဟာမုနိဘုရားသို့ ရောက်ရှိကြရာ ကျောက်တော်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဒေသခံများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာမုနိဘုရားအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာမုနိဘုရား ဂန္ဓကုဋိတိုက် ဘက်စုံမွမ်းမံပြုပြင်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဦးတော်ဆေးကန်၌ ငါးများကိုလွှတ်၍ ဒါနပြုကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၇

၂၀၀၆ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆီးရီးယား အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာအယ်(လ်) အာဆက် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* *မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာ အချိန်အခါသမယမှစ၍ ပြည်သူအားလုံး ခွန်သစ်အားသစ်ဖြင့် အေးချမ်းသာယာချမ်းမြေ့ကြပြီး နိုင်ငံတစ်ဝန်း တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာခြင်း၊ ဖွံ့ဖြိုးခြင်းအကျိုးတရားများ တိုးပွားလွှမ်းခြုံနိုင်ကြမည်။*

ခေါင်းကြီး (စာမျက်နှာ-၂)

* *နှစ်ဟောင်းလွန်၍ နှစ်သစ်ကူးသည့် ပထမနေ့ကို "နှစ်ဆန်းတစ်ရက်နေ့"ဟု ခေါ်ကြ၏။ နှစ်ဦးအစဖြစ်သည့် တန်ခူးလရာသီတွင် မင်္ဂလာယူသောအားဖြင့် နှစ်ဆန်းတစ်ရက်နေ့ကို "နှစ်သစ်မင်္ဂလာ အခါတော်နေ့"အဖြစ် ကျင်းပကြပါသည်။*

ဦးကျော်စိန်(မန္တလေး)၏ **"နှစ်ဦးအစ တန်ခူးလ တာသင်္ကြန်"** ဆောင်းပါး (စာမျက်နှာ-၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၇-၄-၂၀၀၆
(တနင်္လာနေ့)

မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါသမယ အေးချမ်းသာယာစေကြောင်း ဆုတောင်းမေတ္တာပွားများ

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသော မင်္ဂလာအခါသမယဖြစ်၍ ကြည်သာရွှင်လန်း သာယာချမ်းမြေ့သော နေ့ရက်ဖြစ်သည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ မြန်မာ့ရိုးရာ သင်္ကြန်ကာလအတွင်း တစ်ဦးကိုတစ်ဦး အတာရေစင်ဖြင့် ပက်ဖျန်းသွန်းလောင်းကြခြင်းကြောင့် အေးမြသန့်စင်ကြည်လင်ရွှင်ပျကြသည်။ အတာရေသည် အေးမြကြည်လင်သကဲ့သို့ အညစ်အကြေးဟူသမျှ သန့်ရှင်းစင်ကြယ်စေသည်။ အတာရေစင်ဖြင့် သွန်းလောင်းမှုကြောင့် နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက်၍ နှစ်သစ်တွင် သန့်ရှင်းစင်ကြယ်မှု၊ အေးချမ်းသာယာမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ လွှမ်းခြုံလျက်ရှိသည်။ နှစ်သစ်အတွက် စိတ်သစ် အားမာန်သစ်များ ဖြစ်ပေါ်စေလျက်ရှိသည်။

မင်္ဂလာရှိသော မြန်မာနှစ်သစ်နှစ်ဦး နှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် ပြည်သူအပေါင်းတို့သည် ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးတို့ဖြင့် မင်္ဂလာရှိသည့် ပြုဖွယ်ပြုရာများကို ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကိုယ်စိတ်နှစ်ပါး၌ ငြိမ်းချမ်းခြင်း၊ သာယာချမ်းမြေ့ခြင်းများ လွှမ်းခြုံလျက် အလှူရေစက် လက်နှင့်မကွာ ကုသိုလ်ဒါန ကောင်းမှုအစုစုတို့ကို ပြုကြမြဲဖြစ်သည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် နှစ်ဆန်းတစ်ရက်နေ့တွင် စေတီပုထိုး၊ ဘုရား၊ ကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီလဆောက်တည်ကြပြီး တရားဘာဝနာပွားများအားထုတ်ကာ အလှူဒါနပြုခြင်း၊ မေတ္တာတရားပွားများခြင်းများ ပြုကြမြဲဖြစ်သည်။ လူငယ်လူရွယ်များက မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ လူကြီးမိဘ၊ဆရာသမားတို့အား ကန်တော့ခြင်း၊ အသက်အရွယ်ကြီးရင့်သူ အဘိုးအဘွားတို့အား သောက်သုံးရေ၊ ချိုးရေတို့ဖြင့် ကန်တော့ခြင်း၊ ဦးခေါင်းဆေးလျှော်ပေးခြင်း၊ လက်သည်းခြေသည်းများ လှီးဖြတ်ပေးခြင်းတို့ဖြင့် ဂါရဝပြုကုသိုလ်ယူကြသည်။

နှစ်ဆန်းတစ်ရက်နေ့ ဖြစ်သည့်အားလျော်စွာ အချို့က ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာရေဖြင့် ရေသပ္ပာယ်ပူဇော်ကြသည်။ အချို့က စေတီတော်များအား ထုံးသင်္ကန်းများကပ်လှူကြသည်။ ထို့ပြင် ရေတွင်း ရေကန်များ ဆယ်ခြင်း၊ ရပ်ထဲရွာထဲတွင် လမ်းဖို့ခြင်း၊ တံတားပြုပြင်မွမ်းမံခြင်း၊ အမှိုက်သရိုက်ရှင်းလင်းခြင်း စသည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်၍ ကုသိုလ်ယူကြသည်။

ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က မြန်မာနှစ်သစ်နှစ်ဦး နှစ်ဆန်းတစ်ရက်နေ့ မင်္ဂလာအခါသမယတွင် ပြည်သူ ပြည်သားအားလုံး ဘေးအန္တရာယ် ကင်းရှင်းစေရန် မေတ္တာကရုဏာထား၍ ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူကြသည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လမ်းများတွင်လည်း အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပွဲများကို ကျင်းပမြဲဖြစ်သည်။

နှစ်ဦးနှစ်သစ် အချိန်အခါသည် သစ်လွင်သန့်ရှင်းပြီး ကောင်းမှုကောင်းရာ အဖြာဖြာတို့ လွှမ်းခြုံနေသောကာလဖြစ်သည်။ ပြည်သူတစ်ရပ်လုံးသည် ကိုယ်ရောစိတ်ပါ သန့်ရှင်းကြည်လင်၍ ကုသိုလ်ဒါနပြုကာ တရားဘာဝနာများ ပွားများနေကြချိန်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအချိန်အခါသမယမှစ၍ ပြည်သူအားလုံး ခွန်သစ်အားသစ်ဖြင့် အေးချမ်းသာယာချမ်းမြေ့ကြပြီး နိုင်ငံတစ်ဝန်းတည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာခြင်း၊ ဖွံ့ဖြိုးခြင်း အကျိုးတရားများ တိုးပွားလွှမ်းခြုံနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မေ ၆ရက်က ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင် ရေဝတီတိုင်းအတွင်းမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။ (သတင်းစဉ်)

ဝေဘာဂီလမ်း တရားပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၆

မြောက်ဥက္ကလာပ မြို့နယ်(က) ရပ်ကွက်၊ ဝေဘာဂီလမ်း၊ မြတ်နှင့်ဖြူ ခန်းမ၌ ကလျာဏယုဝ သာသနာ့အကျိုးဆောင်လူငယ်များ ဦးဆောင်၍ နှစ်သစ်မင်္ဂလာဓမ္မသဘင်ကို ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၇ရက် နှစ်ဆန်းတစ်ရက်ညတွင် ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရ ကုသိုလ်ဖြစ်ဆေးခန်းစုဘူးအလှူရှင်များ ရေစက်ချတရားပွဲ၊ ၁၈ရက်ည၌ ရွှေဥမင်တောရအရှင်သုမင်္ဂလ၊ ၁၉ရက်ည၌ စစ်ကိုင်း ခင်မကန် အရှင်ခေမိန္ဒ၊ ၂၀ ရက်ည၌ မေတ္တာရှင် ရွှေပြည်သာ အရှင်ဇဝနနှင့် ၂၁ရက်ည၌ တောင်စွန်း အရှင်ကဝိဓဇ ဓမ္မကထိက ဆရာတော်ငါးပါးတို့ကတရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

ကိုးမိုင်မဟာစည် တရားစခန်းဖွင့်

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် နွေရာသီသင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၀ရက်က ဖွင့်လှစ်ရာ ဟိတေသီအတွင်းရေးမှူး ဦးမောင်မောင်ကြည်က ရှင်းလင်းတင်ပြသည်။ အဆိုပါ တရားစခန်းပွဲတွင် အမျိုးသား၊ ရဟန်းယောဂီ ၅၀ နှင့် အမျိုးသမီးယောဂီ ၅၀ တရားအားထုတ်လျက်ရှိပြီး ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဆရာတော်က ဝိပဿနာအလုပ်ပေးတရားတော်ကို နေ့စဉ်ဟောပြောပြသလျက်ရှိသည်။ **(အောက်ပုံ)** တရားစခန်းကို ဧပြီ ၁၀ရက်မှ ၁၇ရက် (နှစ်ဆန်းတစ်ရက်) အထိဖွင့်လှစ်ကြောင်းသိရသည်။ (ကြေးမုံ)

ပုသိမ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ချီးမြှင့်ဂုဏ်ပြု ပူဇော်ပွဲကို ဧပြီ ၂ရက်က ရေဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပရာ သက်တော် (၁၀၁) နှစ်ရှိ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ သီရိန္ဒရအား ပုသိမ်အသင်းဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်းက ဂုဏ်ပြုမှတ်တမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

ဆီးရီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၇

၂၀၀၆ခုနှစ် ဧပြီ ၁၇ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆီးရီးယားအာရပ် သမ္မတ နိုင်ငံ - နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖာရော့(ခ်)အယ်(လ်)ရှာရား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

လက်ခံယူ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်နိုင်ရန်အတွက် ကမာရွတ်မြို့နယ်နေ ဦးမြတ်ကျော် မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀ ပေးအပ်လှူဒါန်းရာ တွဲဖက် ဘဏ္ဍာရေးမှူး ဦးအေးကြည်နှင့် ဓမ္မကထိက ဦးသိန်းရွှေတို့က လက်ခံယူကြစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းနေ ဦးအောင်စိုး၊ ဒေါ်လှလှဝင်း မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်(၂)

ဆေးရုံသို့ အမြန်ပြသပါ။
အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံထူထောင်ရေးမှာ ပြည်သူများအသိဉာဏ်ပညာရှိရေးနှင့် နိုင်ငံ့စီးပွားတောင့်တင်းရေးလိုအပ် ဝန်ထမ်းများလစာတိုးပေးခြင်းမှာ နိုင်ငံတော်၏ ဂျီဒီပီတိုးတက်လာပြီး လူတစ်ဦးကျဝင်ငွေ တိုးတက်လာ၍ပေးခြင်းဖြစ် ဝန်ထမ်းများမိမိတို့ကိုယ်တိုင်နှင့်ဒေသနေပြည်သူများ အရည်အချင်းရှိသည့် လူ့အရင်းအမြစ်များဖြစ်အောင်၊ စိတ်ဓာတ်ကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ့အကျိုးသယ်ပိုးထမ်းရွက်

ရန်ကုန် ဧပြီ ၁၆

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားငုတ်တိုရွာ အနီးရှိ တွံတေးတံတားသို့ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တွံတေးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်တို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား အင်ဂျင်နီယာမှူးကြီးဦးစိုးတင့်က ချဉ်းကပ်လမ်းနှင့် တံတားတည် ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်နိုင်က တွံတေးတံတား တည်ဆောက်ပြီးစီးမှု၊ တံတားလူသွားလမ်းနှင့် ဘေးလက်ရန်းများပြီးစီးမှု၊ တံတား ကွန်ကရစ်ကြမ်းခင်းပြီးစီးမှု၊ ကွန်ကရစ်ပေါ်တွင် နိုင်လွန်ကတ္တရာခင်းနေမှုများနှင့် လျာထားချိန်အတွင်းပြီးစီးရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးရဲထွန်းက တံတားချဉ်းကပ်လမ်းများတွင် ကျောက်ခင်းပြီးစီးမှု၊ တံတားပြီးစီးချိန်တွင် လမ်း၌ ပထမလွှာကျောက်ခင်းပြီးစီး ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က တွံတေးတံတားအား လျာထားသည့်အချိန်အတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် တံတားနှင့်အတူ လှိုင်သာယာဘက်မှ လမ်းနှင့် တွံတေးဘက်မှလမ်းများပါ ပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြား သည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးတံတား တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ သည် တွံတေးတံတား လှိုင်သာယာဘက်ကမ်းမှ တွံတေးဘက်ကမ်းသို့ တံတားပေါ်မှ ဖြတ်သန်းပြီး တံတားပေါ်၌စက်ယန္တရားများဖြင့်နိုင်လွန်ကတ္တရာခင်းနေမှု၊ ကြမ်းခင်း ကွန်ကရစ်လောင်းရန်စီစဉ်နေမှု စသည့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး တွံတေး-ကော့မှူး-ကွမ်းခြံကုန်း- ဒေးဒရဲကားလမ်းကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှ ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ဒေးဒရဲတံတားထိပ်သို့ နံနက် ၈နာရီ မိနစ် ၅၀တွင် ရောက်ရှိကြရာ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့အား ဧရာဝတီတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့သည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်လိုက်ပါလျက် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဌာနဆိုင်ရာတာဝန်ရှိသူများအား အလုပ်ကြိုးစား လုပ်ကိုင်ကြရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ဖျာပုံတံတားသို့ရောက်ရှိ

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ သည် ဒေးဒရဲ-ဖျာပုံ ကားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဆက်လက် ကြည့်ရှုစစ်ဆေးပြီး ဖျာပုံတံတား ဒေးဒရဲဘက်ကမ်းရှိ ရှင်းလင်းဆောင်သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၇)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က ဖျာပုံ တံတားတည်နေရာနှင့် စီမံကိန်းဆိုင်ရာ အဓိကအချက်များ၊ တံတားချဉ်းကပ် လမ်းများဖောက်လုပ်မှု၊ ပင်မတံတားပြီးစီးမှု၊ မိုးတွင်းကာလတွင် အခက်အခဲ များပြားမှု၊ လုပ်ငန်းအချိန်မီပြီးစီးရေးဆောင်ရွက်နိုင်မှု၊သံချောင်းသံပေါင်၊ ဘိလပ်မြေ၊ စက်မောင်းဆီရရှိမှု စသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဧရာဝတီတိုင်းသည် ရေမြေရာသီဥတု သဘာဝအရင်းအမြစ် အခြေခံကောင်းများရှိပြီးဖြစ်၍ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ကောင်း မွန်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်သဖြင့် လမ်းတံတားများ ကို နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း၊ မြစ်ချောင်းအင်းအိုင်ပေါများသော ဒေသဖြစ်၍ လိုအပ်ချက်နှင့်အညီ တံတားကြီးငယ်ပေါင်းများစွာကို တည်ဆောက်ပေးနေရကြောင်း၊ တံတား တည် ဆောက်ရာတွင် ခိုင်ခံ့သပ်ရပ်ရေးအတွက်ယူသင့်သည့်အချိန်ကိုယူရမည်ဖြစ်သော် လည်း လိုအပ်သည်ထက်အချိန်ပိုကြာမြင့်ပါက ငွေကြေးကုန်ကျစရိတ် ပိုမိုလာ မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ကုန်ကျစရိတ်သက်သာပြီး ပြည်သူများမြန်မြန် အသုံး ပြုနိုင်၍ မြန်မြန်အကျိုးခံစားစေရအောင် ကြိုးပမ်းလုပ်ကိုင်ကြရန် မှာကြားသည်။

လမ်းများကောင်းမွန်ရေး

ယင်းနောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ဖျာပုံခရိုင် အင်ဂျင်နီယာမှူးဦးစိုးမြင့်က ဒေးဒရဲ-ဖျာပုံလမ်း ပြုပြင်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဒေးဒရဲမြို့မှ ဖျာပုံတံတားအကြား ၁၆မိုင်ခန့်ကို ကောင်းမွန်အောင်ပြုပြင်ရေး မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ သည် ဖျာပုံမြစ်ကို ရေယာဉ်ဖြင့်ဖြတ်သန်း၍ ဖျာပုံတံတားအောက်ခြေတည်ဆောက် ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ဖျာပုံတံတားပေါ်သို့တက်ရောက်၍ တံတား ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖျာပုံမြို့ ဘက်ကမ်းရှိ ဖျာပုံတံတား ချဉ်းကပ်လမ်း တိုင်အမှတ် (C-14)အား စက်ယန္တရား များဖြင့် ကွန်ကရစ်လောင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံတံတားတည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အီရတ်၌ ပြည်တွင်းစစ်ဖြစ်ပွားစေရန် လှုံ့ဆော်နေသည့် လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ခြင်းမရှိကြစေရန် ရှီးယိုက်ခေါင်းဆောင်တစ်ဦး တိုက်တွန်း

ဘဂ္ဂဒက် ဧပြီ ၁၄

ရှီးယိုက်လူမျိုးများ၏ အဆောက်အအုံတစ်ခု ဗုံးဖောက်ခွဲခံရကာ လူ ၇၀ ထက်မနည်း သေဆုံးခဲ့ရပြီးသည့်နောက် ဂိုဏ်းဂဏအချင်းချင်း တိုက်ခိုက်ကြသည့် ပြည်တွင်းစစ်အတွင်း ပါဝင်ပတ်သက်မှု မရှိကြစေရန် သြဇာတိက္ကမရှိသည့် ရှီးယိုက်ခေါင်းဆောင်တစ်ဦးက ၎င်း၏နောက်လိုက်များကို စနေနေ့က တိုက်တွန်းနှိုးဆော်လိုက်သည်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်ခေါင်းဆောင် အယ်လ်-ဇာကာဝီက ဘဂ္ဂဒက်မြို့တော်ရှိ အဆောက်အအုံတစ်ခုကို သောကြာနေ့စောစောပိုင်းက ဗုံးခွဲတိုက်ခိုက်ပြီး ပြည်တွင်းစစ် ဖြစ်ပွားစေရန် မီးမွှေးနေသည့် လှုပ်ရှားမှုအပေါ် ကြံ့ကြံ့ခိုင် ဆန့်ကျင်ကြရန် ရှီးယိုက်ခေါင်းဆောင် တစ်ဦးဖြစ်သူ အယ်လ်ဟာကင်က ၎င်း၏ နောက်လိုက်များကို တိုက်တွန်းသည်။

အီရတ်ပြည်သူများအနေဖြင့် ပြည်တွင်းစစ် ဖြစ်စေရန် သွေးထိုးပေးနေသည့် ဇာကာဝီနှင့် ၎င်း၏အုပ်စုများ၏ လှုပ်ရှားမှုကြောင့် စိတ်ဝမ်းကွဲပြားမှုမရှိကြရန် အယ်လ်-ဟာကင်က ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ရဲတပ်ဖွဲ့မှ ခွေးများ စွမ်းရည်ပြနေသည်ကို ဧပြီ ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကရာချိမြို့တွင် လူအများတိုးဝှေ့မှုကြောင့် အမျိုးသမီး ၃၀ ထက်မနည်းသေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၁၄

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ ဆက်ဇီမန်ဒီမြို့အနီး ပီဇန်ဘီးမက်ဒီနာဒေသတွင် အမျိုးသမီးများက အပတ်စဉ်တွေ့ဆုံကြသည့် တွေ့ဆုံပွဲအပြီး၌ ဝရန်းသုန်းကားဖြစ်ကာ ထွက်ပြေးကြသဖြင့် အမျိုးသမီး ၃၀ထက်မနည်း တနင်္ဂနွေနေ့က သေဆုံးခဲ့ကြောင်း ဂျီအိုရုပ်မြင်သံကြားက ဖော်ပြလိုက်သည်။

ကရာချိမြို့ရှိ ဆေးရုံအားလုံးတွင် အရေးပေါ်အခြေအနေ ကြေညာထားရသည်ဟု ပြည်နယ် ကျန်းမာရေးဝန်ကြီး ဆဘားကွာအင်ဟာနီက ပြောကြားသည်။ အခမ်းအနားတစ်ခု ပြီးဆုံးပြီးနောက် ထောင်ချီရှိသည့် အမျိုးသမီးများ အိမ်ပြန်ရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ပြီး တိုးဝှေ့ကြရာမှ သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အဆိုပါ ရုပ်မြင်သံကြားကကြေညာသည်။

သေဆုံး

အခမ်းအနားတစ်ခု ကျင်းပစဉ် ယင်းသို့ ရုန်းရင်းဆန်ခတ်ဖြစ်ပြီး တိုးဝှေ့ကြရာမှ အသက်ရှူကျပ်ကာ သေဆုံးခဲ့ကြရခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန်ကာကွယ်ရေးဝန်ကြီး အာဏာအလွဲသုံးသူဖြစ်ဟုဆို ရာထူးမှ နုတ်ထွက်ပေးသင့်ကြောင်း ဝေဖန်ပြောကြား

ဝါရှင်တန် ဧပြီ ၁၅

အမေရိကန်တပ်ဖွဲ့များမှ အငြိမ်းစားဗိုလ်ချုပ်ဟောင်းခြောက်ဦးတို့က အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ် ရာထူးမှ နုတ်ထွက်ပေးသင့်ကြောင်း ဝေဖန်ပြောကြားလာကြသည့်အတွက် အမေရိကန်သမ္မတက ကာကွယ်ရေးဝန်ကြီးဘက်မှ ရပ်တည်၍ အကာအကွယ်ပေးနေရကြောင်း သောကြာနေ့က သတင်းများ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသည်။

အီရတ်နိုင်ငံ စစ်မြေပြင်တွင် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်၏ လုပ်ပုံကိုင်ပုံကို လက်မခံနိုင်သဖြင့် မိမိအနေဖြင့် ဒုတိယဗိုလ်ချုပ်ကြီး ရာထူးကို အဆင့်မြှင့်ပေးသည်ကိုပင် လက်မခံခဲ့ဘဲနေခဲ့ကြောင်း အီရတ်ရောက် အမေရိကန် အမှတ်(၁) ကြည်းတပ်မ၏ ဗိုလ်ချုပ်ဘာတစ်ကီက ပြောကြားသည်။

မိမိတို့သည် အီရတ်စစ်ပွဲကို ဆင်နွှဲရာ၌ အစီအစဉ်များမှာမူလကပင် မှားယွင်းနေခဲ့ကြောင်း၊ အီရတ်အစိုးရကို ဖြုတ်ချပြီးသော အခြေအနေတွင် နိုင်ငံငြိမ်းချမ်းအောင်လည်း မဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် မိမိတို့၌ ခေါင်းဆောင်မှုဆိုသည်မှာ မည်သည့်အရာကို ခေါ်သည်ကိုပင် နားမလည်ဘဲ ကာကွယ်ရေးဝန်ကြီး၏ လက်အောက်တွင် အမှုထမ်းခဲ့ရသည်ဟု ၎င်းက ပြောကြားသည်။ ရမ်းစဖဲလ်သည် မောက်မာသူဖြစ်ပြီး အာဏာကို အလွဲလွဲအမှားမှား သုံးစွဲသူဖြစ်သည်ဟုလည်း ဝေဖန်သွားသည်။

ကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်ကို ရာထူးမှ နုတ်ထွက်ပေးသင့်ကြောင်း ပြောဆိုကြသူများတွင် ကြည်းတပ်မှ ဗိုလ်ချုပ်ဇွန်ရစ်၊ ဗိုလ်ချုပ် ချားလ်ဆွာနက်ခ်၊ ဗိုလ်ချုပ်ပေါလ်အီတွန်တို့ သာမက မရိန်းတပ်မှ ဗိုလ်ချုပ်ကြီး အန်ထော်နီဇီနီနှင့် ဒုတိယဗိုလ်ချုပ်ကြီး ဂရီဂေါ်ရီ နယူးဘိုဒ်တို့လည်း ပါဝင်သည်။

အင်တာနက်။

ဂျပန်အဲလ်ပ်တောင်တန်းတွင် ဆီးနှင်းပြိုကျမှုကြောင့် လူခြောက်ဦး သေဆုံး

တိုကျို ဧပြီ ၁၅

ဂျပန်အဲလ်ပ်တောင်တန်းဟု လူသိများသော ဂျပန်နိုင်ငံအနောက်ပိုင်းရှိ တောင်တန်းထူထပ်ရာဒေသတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ဆီးနှင်းပြိုကျမှုများ ဖြစ်ပွားခဲ့ရာ လူခြောက်ဦး သေဆုံးပြီး လူလေးဦး ပျောက်ဆုံးနေသည်။

ရေခဲပြင်လျှောစီးသူငါးဦးအုပ်စုမှ လူသုံးဦးသည် နီဂါတာဒေသတွင် စနေနေ့က ဆီးနှင်းပြိုကျမှုဖြစ်ပွားခဲ့သဖြင့် သေဆုံးခဲ့သည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ဟာကူဘာဒေသနာဂါနိုကျေးရွာတွင် မွန်းလွဲပိုင်းက ရေခဲပြင်လျှောစီးသူနှစ်ဦး သေဆုံးခဲ့သည်။ လူခြောက်ဦး အုပ်စုမှ အခြားလူနှစ်ဦးဆီးနှင်းပြိုကျမှုကြောင့် ဆိုးဆိုးရွားရွားထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တနင်္ဂနွေနေ့ မွန်းလွဲပိုင်းကလည်း ဆီးနှင်းပြိုကျမှုကြောင့် မူနီအဘိုတောင်ဆင်ခြေလျှောတွင် လူတစ်ဦးသေဆုံးခဲ့သေးသည်ဟုကျိုဒိုသတင်းအရသိရသည်။

ကာဆာဂါတာအဘီတောင်ကြားတွင် ဆီးနှင်းပြိုကျခဲ့သဖြင့် တောင်တက်သမားလေးဦး ပျောက်ဆုံးနေသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်မြောက်ပိုင်း၌ အအေးလှိုင်းကျရောက်နိုင် တောင်ပိုင်း၌ မိုးသည်းထန်နိုင်ဟု ခန့်မှန်းထား

ပေကျင်း ဧပြီ ၁၅

တရုတ်နိုင်ငံမြောက်ပိုင်းတွင် နောက်သုံးရက်တွင် အအေးလှိုင်းကျရောက်ပြီး တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမည်ဟု ခန့်မှန်းထားကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာန(စီအမ်အေ)က ဧပြီ ၁၃ရက်တွင်ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံဒေသအများအပြားတွင် အပူချိန် ၈ဒီဂရီဆဲလ်စီးယပ်စ်မှ ၁၂ဒီဂရီဆဲလ်စီးယပ်စ် အထိကျဆင်းပြီးကျန်ဒေသများ၌ ၁၄ဒီဂရီဆဲလ်စီးယပ်စ်မှ ၁၆ ဒီဂရီဆဲလ်စီးယပ်စ်အထိ ကျဆင်းဖွယ်ရှိကြောင်း ဖော်ပြခဲ့သည်။

အအေးလှိုင်းသည် ဆိုက်ဘေးရီးယား အနောက်ဘက်မှ ဇင်ကျန်ယူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသို့ ဧပြီ ၉ရက်တွင် ကျရောက်ခဲ့ပြီး အရှေ့တောင်ပိုင်းသို့ ရွေ့လျားသွားဖွယ်ရှိသည်။

တရုတ်နိုင်ငံမြောက်ပိုင်းအချို့ဒေသ၌ လေပြင်းမုန်တိုင်း ကျရောက်ပြီး မြောက်ပိုင်းကျန်ဒေသများတွင်သဲမုန်တိုင်း ကျရောက်မည်ဟု ဖော်ပြထားသည်။

ထိုအအေးလှိုင်းကျရောက်မှုကြောင့် ကောက်ပဲသီးနှံများ ပျက်စီးနိုင်သော်လည်း တရုတ်နိုင်ငံမြောက်ပိုင်း မိုးခေါင်ရေရှားအရပ်ဒေသများတွင် အကျိုးဖြစ်ထွန်းဖွယ်ရှိကြောင်း စီအမ်အေက ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။



ဘူလ်ဂေးရီးယားနိုင်ငံ ဘာနာမြို့ ရှေးဟောင်းကားပြပွဲတွင် ၁၉၀၅ခုနှစ်၌ ထုတ်လုပ်သည့် ကားတစ်စီးကို ဧပြီ ၁၄ ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်ရှိ ဆေးရုံတွင် ကိုယ်ဝန်ဆောင်စက်ရုပ်အသုံးပြု၍ ဆေးပညာသင်ကြားနေသည်ကို ဧပြီ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်နှင့် အိန္ဒိယ ကားလိုင်းသစ်ပြေးဆွဲရန် ညှိနှိုင်းဆွေးနွေးမည်

အစ္စလမ္မာဘတ် ဧပြီ ၁၅

ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဘတ်စ်ကားလိုင်း ပြေးဆွဲသွားနိုင်ရေးအတွက် ပါကစ္စတန် အာဏာပိုင်များအနေဖြင့် အိန္ဒိယအာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးတစ်ဦးက ဧပြီ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ပြေးဆွဲရန် ရည်ရွယ်ထားသည့် ဘတ်စ်ကားလိုင်းသစ်မှာ ပါကစ္စတန်နိုင်ငံ ဟာဆန်နာဒေးလ်မြို့မှ အိန္ဒိယနိုင်ငံ အမ်ရစ်ဆာမြို့အထိ ပြေးဆွဲမည့်ကားလိုင်းဖြစ်သည်။ ဟာဆန်နာဒေးလ်မြို့သည် ပါကစ္စတန်၏မြို့တော် အစ္စလမ္မာဘတ်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၄၀ အကွာတွင် တည်ရှိသည်။ အမ်ရစ်ဆာမြို့သည် အိန္ဒိယနိုင်ငံပိုင် နယ်မြေအတွင်း တည်ရှိပြီး ပန်ဂျပ်ပြည်နယ်၏ မြို့တော်ဖြစ်သည်။

ဆစ်ခ်အမျိုးသားများ၏ ဘာသာရေးပွဲတော် နောက်ဆုံးနေ့တွင် မိန့်ခွန်းပြောကြားရာ၌ ပါကစ္စတန်နိုင်ငံ သာသနာရေးနှင့် လူမျိုးစုရေးရာဝန်ကြီး မူဟာမက်အီဂျဇ်-အူလ်-ဟတ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



ဈေးဟောင်းနန်းတော်

တရုတ်နိုင်ငံ မြို့တော် ပေကျင်းရှိ ဈေးဟောင်းနန်းတော်အဆောက်အအုံ မွမ်းမံပြင်ဆင်နေသည်ကို ဧပြီ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်သစ်ကူးပွဲတော်ကာလတွင် ကမ္ဘောဒီးယားသို့ ကမ္ဘာလှည့်ခရီးသည် ပိုမိုလာရောက်မည်

ဖနောင်ပင် ဧပြီ ၁၅

ကမ္ဘောဒီးယားနိုင်ငံရှိ ဟိုတယ် အခန်းပေါင်း ၁၇၀၀၀ နှင့် တည်းခိုခန်းရှိ အခန်းပေါင်း ၃၀၀၀ နီးပါးတို့မှာ ယခုသီတင်းပတ်အတွင်း ကျင်းပမည့် နှစ်သစ်ကူးပွဲတော်လာ ခရီးသည်များဖြင့် ပြည့်နေမည့်အခြေအနေရှိကြောင်း ခရီးသွားလုပ်ငန်းတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသခံသတင်းမီဒီယာများက ဖော်ပြကြသည်။

ပြည်ပမှ လာရောက်သည့် နိုင်ငံခြားသားခရီးသည် ဦးရေမှာ ၂၅ ရာခိုင်နှုန်း တိုးလာချိန်တွင် ပြည်တွင်း ခရီးသွား ဦးရေမှာလည်း ယခုနှစ်၌ ၂၀ ရာခိုင်နှုန်းအထိ တိုးလာနိုင်ကြောင်း ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်း ဝန်ကြီးသောကွန်၏ ပြောကြားချက်ကို ကမ္ဘောဒီးယားဒေးလီနေ့စဉ် သတင်းစာက ဖော်ပြခဲ့သည်။

များပြား

ယခုအခါ နိုင်ငံတွင်း နေရာအနှံ့၌ လုံခြုံမှုရှိလာသည့်အပြင် လူအများလက်ထဲတွင် သုံးစွဲနိုင်လောက်သည့် ငွေကြေးလည်းရှိနေကြသဖြင့် ပြည်တွင်းခရီးသွားများ တိုး၍များပြားလာရခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားဦးရေသည် ၂၀၀၆ ခုနှစ် ပထမသုံးလအတွင်းမှာပင် ၄၆၀၀၀၀ ရှိခဲ့ရာ ယခင်နှစ်ကထက် ၂၅ ရာခိုင်နှုန်း ပိုမိုများပြားလာခြင်းဖြစ်သည်ဟု ဆိုသည်။

သီဟာနိုဗီးဒေသ၊ ဆီရမ်ဂိုဒေသ၊ ရတနာဂီရိဒေသနှင့် မွန်ဒေါ်လ်ဂီရိဒေသတို့မှ နှစ်သစ်ကူးပွဲတော် ဆင်နွှဲရာ လာရောက်ကြသူများနှင့် ပြည့်နှက်လျက်ရှိသည်ဟု ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်းများအသင်း(စီအေတီအေ) ၏ ဥက္ကဋ္ဌ ဟိုဗန်ဒီက ပြောကြားသည်။ ယခုပွဲတော် ကာလအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ရဲတပ်ဖွဲ့ကိုလည်း အထူးတပ်လှန့်ထားရကြောင်း သိရသည်။

မြို့တော်ဖနောင်ပင်ရှိ အထည်ချုပ်စက်ရုံ လုပ်သား ၁၀၀၀၀၀ ကျော်မှာ နှစ်သစ်ကူး အားလပ်ရက်အတွင်း ဌာနေဒေသသို့ ပြန်ကြပြီး မြို့တော်သားအများစုမှာလည်း နယ်များသို့ အပန်းဖြေထွက်ကြသည့်အတွက် မြို့တော်မှာ ဆိတ်ငြိမ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် နှစ်သစ်ကူး ရေသဘင်ပွဲ ဆင်နွှဲနေသူများကို ဧပြီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆွန်ကရန် ရေသဘင်ပွဲ၌ ယာဉ်မတော်တဆမှုကြောင့် လူ ၃၄၃ဦး သေဆုံး

ဗန်ကောက် ဧပြီ ၁၅

ထိုင်းနိုင်ငံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွန်ကရန် ရေသဘင်ပွဲတော်ရက်များအတွင်း အဝေးပြေးလမ်းများပေါ်၌ ဖြစ်ပွားသော ယာဉ်မတော်တဆမှုများကြောင့် အသက်ဆုံးရသူ စုစုပေါင်းမှာ ၃၄၃ ဦး ရှိသွားပြီဖြစ်ကြောင်း ဒုတိယ ပြည်ထဲရေးဝန်ကြီး ဆမ်ဆတ်ဂ်ပေါင်ဂ်ပါနစ်က ပြောကြားသည်။

ဖော်ပြပါစာရင်းသည် ဧပြီ ၇ ရက်မှ ဧပြီ ၁၄ ရက်အတွင်း ပြုစုရရှိသော စာရင်းမျှသာဖြစ်သည်။

ဆွန်ကရန် ပွဲတော် တရားဝင်စတင်သည့် ဧပြီ ၁၃ ရက် တစ်ရက်တည်းမှာပင် ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရသူဦးရေမှာ ၈၉ ဦး ရှိကြောင်း ဆမ်ဆတ်ဂ်က ပြောကြားသည်။

မတော်တဆမှု၏ ၃၁ ရာခိုင်နှုန်းမှာ မူးယစ် သောက်စားထားပြီး ယာဉ်မောင်းနှင်ကြသောကြောင့် ပေါ်ပေါက်ရခြင်းဖြစ်သည်။

ဒုတိယ အကြောင်းရင်းမှာ သတ်မှတ်ထားသော မိုင်နှုန်းထက် ပိုမိုမောင်းနှင်ကြသောကြောင့် ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒင်ညူမြစ်ရေတိုးမှု စံချိန်တင်နိုင် ဘူလ်ဂေးရီးယားဒေသအချို့တွင် အရေးပေါ်အခြေအနေကြေညာ

ဆိုဖီယာ ဧပြီ ၁၅

ဘူလ်ဂေးရီးယားနိုင်ငံ၏ ဒင်ညူမြစ်သည် နောက်ရက်အနည်းငယ်အတွင်း စံချိန်တင်ရလောက်အောင် မြစ်ရေတိုးလာနိုင်သည့်အတွက် မြစ်ကမ်းဘေးဒေသအချို့ကို အရေးပေါ်အခြေအနေနှင့် ကြုံတွေ့နေရသော ဒေသများအဖြစ် ကြေညာထားကြောင်း ဘူလ်ဂေးရီးယားတယ်လီဂရပ်သတင်းက ဧပြီ ၁၄ ရက်သတင်းတွင် ဖော်ပြသည်။

ပြည်နယ် ခုနစ်ခုမှ မြို့ပေါင်း ၂၁ မြို့မှာ အရေးပေါ်ဒေသအဖြစ် ကြေညာခြင်းခံထားရသော စာရင်းတွင် ပါဝင်သည်။ ယင်းတို့အနက် ဗီဒင်၊ မွန်တာနာ၊ ဗရပ်ဆာ၊ ပလီဗန်၊ ဗီလီကိုတာငိုဗို၊ ရူစီနှင့် ဆီလစ္စထရာမြို့များမှာ မြစ်ရေကြီးလာမည်ကို စိုးရိမ်ရသည့်အတွက် အထူးတပ်လှန့်ထားရသည်။

ဗီဒင်မြို့ဒေသအချို့မှာ ယခုအချိန်၌ပင်လျှင် ရေအောက်တွင် စင်တီမီတာ ၂၀ မှ ၈၀ အထိ နစ်မြုပ်နေပြီဖြစ်ကြောင်း ဒင်ညူမြစ်ကြောင်း ထိန်းသိမ်းရေးဌာနက ဆိုသည်။

ဒေသဆိုင်ရာ အာဏာပိုင်များကလည်း ရေဘေးဒုက္ခသည်များကို နေရာရွှေ့ပြောင်းပေးရန် ပြင်ဆင်ထားကြပြီဖြစ်သည်။

မြစ်ညာဒေသများဖြစ်သော ဟန်ဂေရီ၊ ဆားဗီးယားနှင့် မွန်တီနီဂရိုးနိုင်ငံတို့တွင် ရေလျှံလာပြီဖြစ်၍ ဘူလ်ဂေးရီးယားနိုင်ငံအတွင်းသို့ မြစ်ရေ လိုမ့်၍ဆင်းလာနေပြီဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဘူလ်ဂေးရီးယားနိုင်ငံ မြောက်ပိုင်း ဒင် ညူ မြစ် ကမ်းနဖူးရှိ နီကိုပေါ်မြို့တွင် လမ်းနှင့် နေအိမ်များ ရေနစ်မြုပ်နေသည်ကို ဧပြီ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တွင် ဗုံးပေါက်ကွဲ၊ လူ ၁၁ ဦး ထိခိုက်ဒဏ်ရာရ

ကန်ဒါဟာ(အာဖဂန်နစ္စတန်) ဧပြီ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့တွင် ဗုံးနှစ်ကြိမ်ပေါက်ကွဲခဲ့ရာ လူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက စနေနေ့တွင် ပြောကြားသည်။

အာဖဂန်နိုင်ငံ တောင်ပိုင်းရှိ ကန်ဒါဟာမြို့တွင် ၁၅ မိနစ်ခြားပြီး ဗုံးပေါက်ကွဲခဲ့ရာ ယင်းဖြစ်ရပ်နှင့် စပ်လျဉ်း၍ မည်သည့်အဖွဲ့ကမျှ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းမရှိသေးပေ။ သို့ရာတွင် တာလီဘန်ပြောက်ကျားများက အလားတူ တိုက်ခိုက်မှုများအတွက် တာဝန်ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည့် အစဉ်အလာရှိသည်။

ယင်းတိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်သုံးဦး၊ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားအချို့တို့ ဒဏ်ရာရရှိခဲ့သည်ဟု အာဖဂန်ကြည်းတပ်အရာရှိ ခိုင်အာမိုဟာမက်က ပြောကြားသည်။ ကလေးငယ်နှစ်ဦး အပါအဝင် ဒဏ်ရာရရှိသူငါးဦး ဆေးရုံသို့ ရောက်ရှိလာသည်ဟု ဆေးရုံမှတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နှစ်ဦးအစ တန်ခူးလ တာသင်္ကြန်

ဦးကျော်စိန်(မန္တလေး)

နှစ်ဦးအစ တန်ခူးလသည် ပူပြင်းခြောက်သွေ့သောလဖြစ်၏။ ရှေ့တစ်နှစ်ကုန်၍ နောက်တစ်နှစ်အတွက် ပြန်စသောလဖြစ်သည်။ ဤသို့ တစ်နှစ်ကုန်၍ နောက်တစ်နှစ်ပြန်စခြင်းသည် နှစ်ဟောင်းကုန်၍ နှစ်သစ်ပြန်စခြင်း ဖြစ်၏။ ဤနှစ်ဟောင်းမှ နှစ်သစ်ပြန်စမည့် အချိန်ကလေးအတွင်း၌ **"သင်္ကန္တ"** ဟူသော ပြောင်းလဲမှုအရ **"သင်္ကြန်ကျသည်"**ဟု ဆိုပါ၏။ သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိသက်ဝေါဟာရမှလာသည်။ သက္ကတ ရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကား ဖြစ်ပေါ်လာခြင်း ဖြစ်၏။ **"နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည်"** ဟူသော အနက်အဓိပ္ပာယ် ရပါသည်။ နှစ်သစ်ကို ကြိုဆိုသည့်သဘောဖြင့် မြန်မာတို့သည် ရေပက်ကစားကြသည်။ လာမည့်နှစ်သစ်တွင် အညစ်အကြေး ဘေးဘယာများ ကင်းစင်၍ ကြည်လင်အေးမြစေရန် ရည်သန်သည့်သဘောဖြစ်၏။ လူကြီးမိဘ၊ ဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ အိမ်တွင်းအိမ်ပြင်ရှိ အညစ်အကြေး အမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ဦးခေါင်းဆေးလျှော်ခြင်း၊ စေတီပုထိုး ကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီတင်း ဆောက်တည်ကာ ဒါနပြုခြင်း၊ ဘုရားပုထိုး ရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်းများ ပြုလုပ်ကြသည်။

သာသနာဝင်ကျမ်းတို့၌ အတာကူးသော တန်ခူးလအခါ ကပိလဝတ်ပြည်တွင် နေကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ဒေဝဒဟရေအိုင်ကြီးအနီး၌ မင်းတဲဆောက်၍ ရေဖျန်းသဘင် ပျော်ရွှင်စွာ ကစားကြသည်ဟုဆို၏။ မဟာရာဇဝင်ကျမ်းတွင်လည်း ပုဂံပြည် နရသီဟပတေ့မင်းလက်ထက် နွေလအခါ ရေဖျန်းကစားမြဲဖြစ်ကြောင်း ဆိုသည်။ တန်ခူးလ နှစ်သစ်ကူးပွဲတော်၌ မြန်မာတို့သည် နံ့သာရည်များဖြင့် တစ်ဦးနှင့်တစ်ဦး သွန်းလောင်းပျော်မြူးလေ့ရှိပုံကို အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီ လူးတားတွင်–

> **တောင်လေသုတ်ဖြူး၊ လတန်ခူးမှ၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွရရွှတည့်၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္မာကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်မှ၊ လည်လှည့်ဆူလှယ်၊ တင်စမွယ်လျက်၊ ပြိုးရယ်ရွှင်အား၊ စံပျော်ပါးသည်၊ ကစားထုံရည်၊ ဖျန်းတည့်လေး။ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး။**

ဟူ၍ ဖွဲ့ဆိုထားပါသည်။

မြန်မာတို့၏ ကျင်းပမြဲဖြစ်သော ဆယ့်နှစ်လရာသီ ပွဲတော်များတွင် **"သင်္ကြန်ရေသဘင်ပွဲတော်"** သည် အလွန်ကြီးကျယ် စည်ကားသော အမျိုးသား ပွဲတော်တစ်ခု ဖြစ်ပါသည်။ မြန်မာတို့သည် သင်္ကြန်ချိန်၌ နတ်ပြည်မှ သိကြားမင်း လူ့ပြည်သို့ ခေတ္တဆင်းသက်လာသည်ဟု ယုံကြည်ကြ၏။ သင်္ကြန်ကျချိန်၊ တက်ချိန်ဖြစ်လာပုံ အချက်များကို သိရှိလိုပါမူ သူရိယသိဒ္ဓန္တကျမ်း၊ သံဒိဋ္ဌကျမ်း စသော ဇေဒင်တွက်ရိုးကျမ်းများကို လေ့လာရန် လိုပေသည်။ အတာသင်္ကြန်တစ်ကြိမ်မှ နောက်တစ်ကြိမ် ကာလသည် **"တစ်နှစ်"** အပိုင်းအခြားကာလဖြစ်၏။ စကြဝဠာအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာများတွင် အပါအဝင်ဖြစ်သော ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးသည် သူရိယနေမင်းကို ဗဟိုပြု၍ လှည့်လည်သွားသည့်အခါ တစ်ပတ်မြောက်ကာလသည် တစ်နှစ်အပိုင်းအခြားကာလ ဖြစ်သည်။ ယင်းကာလအပိုင်းအခြားသည် ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့် ဖြစ်၏။ ယင်းကဲ့သို့ လှည့်လည်ရာ **"နေသွားလမ်းစက်ဝိုင်းတွင် ရာသီ ၁၂ ပိုင်း ပိုင်းခြား၍ ပထမရာသီအစ သုညအံသာသည် အဿဝဏီနက္ခတ်နှင့် တနင်္ဂနွေ ရဝိဖုဒ္ဓဂြိုဟ် ယှဉ်သည့်အချိန်တွင် အတာသင်္ကြန်ကျ၍ ရဝိမဇ္ဈဂြိုဟ်ယှဉ်သည့်အချိန်တွင် အတာသင်္ကြန် တက်၏"** ဟူ၍ သင်္ကြန်တွက်ရိုးကျမ်းတို့တွင် ဖော်ပြထားပါသည်။

ရေ၊ မြေ၊ တော၊ တောင်၊ သစ်ပင် စသော ရုပ်ပိုင်းဆိုင်ရာ ဩကာသလောကသည် ဖြစ်မှု၊ ပျက်မှု နှစ်ပိုင်းဖြင့် အစဉ်ပြောင်းလဲနေ၏။ ချောင်းထဲ၌ရှိသောရေသည် တသွင်သွင် စီးဆင်းနေသဖြင့် ရှေ့ဖြစ်သောရေ ပျောက်ပျက်သွားလျှင် နောက်ဖြစ်သောရေက အစားထိုးခြင်းဖြင့် ဖြစ်ပေါ် ပြောင်းလဲနေ၏။ မြေ၊ တော၊ တောင် တို့၏ ပြောင်းလဲမှု သဘောသည်လည်း ရေကဲ့သို့ပင် ဖြစ်မှု၊ ပျက်မှု အစဉ်ဖြင့်ပင် ပြောင်းလဲနေ၏။ သစ်ပင်စသည်တို့၏ ဖြစ်ပေါ်ပြီးသော အဟောင်းအဟောင်း အရွက်များသည် ရင့်ရော်ကြွေကျ ပျက်စီးသွားလျှင် အသစ်အသစ် အရွက်များသည် အစားထိုးသော ဖြစ်မှု၊ ပျက်မှု အစဉ်ဖြင့် ပြောင်းလဲနေ၏။ ဤသို့ ရုပ်ပိုင်းဆိုင်ရာ ဩကာသလောကသည် ဖြစ်မှု၊ ပျက်မှုအစဉ်ဖြင့် ပြောင်းလဲနေခြင်းပင် ဖြစ်၏။

နာမ်တရားပိုင်းဆိုင်ရာသည်လည်း ဖြစ်မှု၊ ပျက်မှု အစဉ်ဖြင့်ပင် ပြောင်းလဲနေ၏။ နာမ်တရားပိုင်းဆိုင်ရာ စိတ်ဓာတ်တရား၏ ပြောင်းလဲမှုနှုန်းမှာ **"ဖြစ်၊ တည်၊ ပျက်"** အချိန်မျှသာဖြစ်၏။ အလွန်တိုတောင်း၏။ ရုပ်ဓာတ်တရား၏ပြောင်းလဲနှုန်းမှာ **"ဖြစ်၊ တည်၊ ပျက်"** ပေါင်း ၅၁ ချက်အချိန်အထိကြာ၏။ ထို့ကြောင့် ရုပ်ဓာတ်နှင့် စိတ်ဓာတ်တို့ ပြောင်းလဲဖြစ်စဉ်နှုန်းမှာ ဤသို့ခြားနားလေ၏။ သတ္တလောကသည် ရုပ်၊ နာမ်နှစ်ပါးနှင့်ဆိုင်သော လောကဖြစ်ရာ ရုပ်၊ နာမ်နှစ်ပါးဖြင့် ဖွဲ့စည်းထားသော သတ္တဝါအပေါင်းသည် အချိန်အခါမလပ်ဖြစ်မှု၊ ပျက်မှုအစဉ်ဖြင့် ရှင်သန်ပြောင်းလဲနေရခြင်းဖြစ်၏။ သို့ဖြစ်၍ ဩကာသလောကနှင့် သတ္တလောကနှစ်ပါးသည် ဖြစ်မှု၊ ပျက်မှု သဘောအစဉ်ဖြင့် ပြောင်းလဲ ရှင်သန်တည်ရှိနေခြင်းသာဖြစ်၏။ ဤလောကနှစ်ပါး၏ဖြစ်မှု၊ ပျက်မှုအစဉ်ဖြင့် ပြောင်းလဲမှုကြီးသည် **"သင်္ကန္တ"**ဟူသော ပြောင်းလဲမှုအရ **"လောကသင်္ကြန်"**ဟုဆိုရမည် ဖြစ်ပါ၏။

လူ့ဘဝသဘောအရ လူသည်အမိဝမ်းတွင်း၌ ကိုးလနေပြီး ၁၀လမှာ မွေးဖွား၏။ ဤသည် မှစ၍ ရက်၊ လ၊ နှစ်အဆင့်ဆင့်ဖြစ်စဉ်ဖြင့် တစ်နှစ်သားဘဝ၊ နှစ်နှစ်သားဘဝမှစ၍ နှစ် ၅၀၊၁၀၀ သို့တိုင်အောင် ပြောင်းလဲလာခြင်းဖြစ်၏။ ဤဘဝသက်တမ်းအတွင်း၌ပင် မိမိတို့ဘဝ ရှင်သန်ကြီးပွားတိုးတက်ရေးအတွက် ပထမအရွယ် ပညာရှာရခြင်း၊ ဒုတိယအရွယ်ဥစ္စာရှာရခြင်း၊ တတိယအရွယ် တရားရှာရခြင်း စသော လူ့ဘဝအမျိုးမျိုးကို သက်တမ်းကုန်ဆုံးသည်အထိ လောကဓံတရားနှင့် အညီ ဖြစ်မှု၊ ပျက်မှုအစဉ်ဖြင့် ပြောင်းလဲလှုပ်ရှားနေကြရ၏။ ဤလူ့ဘဝ သက်တမ်း၏ ဖြစ်မှုပျက်မှုအစဉ်ဖြင့် ပြောင်းလဲမှုကြီးသည် **"သင်္ကန္တ"** ဟူသော ပြောင်းလဲမှုအရ **"ဘဝသင်္ကြန်"** ဟု ဆိုရမည်ဖြစ်ပါ၏။

နှစ်ဟောင်းလွန်၍ နှစ်သစ်ကူးသည့် ပထမနေ့ကို **"နှစ်ဆန်းတစ်ရက်နေ့"** ဟုခေါ်ကြ၏။ နှစ်ဦးအစဖြစ်သည့် တန်ခူးလရာသီတွင် မင်္ဂလာယူသောအားဖြင့် နှစ်ဆန်းတစ်ရက်နေ့ကို **"နှစ်သစ်မင်္ဂလာအခါတော်နေ့"** အဖြစ် ကျင်းပကြပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် နှစ်စဉ်နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း နှစ်သစ်မင်္ဂလာအခါတော်နေ့ကို နေရာဒေသအလိုက် ကျင်းပကြကုန်လျက် စေတီ၊ ပုထိုး၊ ရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားသို့သွားရောက်၍ ရေကုသိုလ်ပြုခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားတို့အား ဂါရဝပြုခြင်း၊ ဝေယျာဝစ္စပြုလုပ်ခြင်း၊ ဓမ္မဒါနသက်လွှတ်ပွဲများပြုလုပ်ခြင်း၊ ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် ပရိတ်တရားတော်များ နာယူခြင်း စသော ကုသိုလ်ကောင်းမှုများကို ဆည်းပူးပြုလုပ်အားထုတ်ကြပါသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ သဘာဝဘေးဆိုးကြီးများကျရောက်ခြင်း မရှိသကဲ့သို့ ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်၊ သတ္တန္တရကပ် တည်းဟူသော ကပ်ကြီးသုံးပါးမှလည်း ကင်းဝေးခဲ့ကြရသည်။ ဤနှစ်သစ်မင်္ဂလာအချိန်အခါတွင်–

(၁) ကမ္ဘာသူ၊ကမ္ဘာသားများမှာ မကောင်းသော အနိဋ္ဌာရုံများ ပပျောက်၍ ကောင်းမြတ်သော ဣဋ္ဌမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ၊

(၂) ဘေးဥပဒ်အန္တရာယ်တို့မှ ကင်းဝေးကြပါစေ၊

(၃) မကောင်းသောစိတ်ဓာတ်များကို ဖယ်ရှား၍ကောင်းမြတ်သော စိတ်ဓာတ်များကိုမွေးမြူနိုင်ကြပါစေ၊

(၄) သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွား၍ မင်္ဂလာတရားတော်နှင့်အညီ လိုက်နာကျင့်သုံးလျက် ကောင်းမြတ်သော အကျိုးတရားတို့ကို ရရှိခံစားနိုင်ကြပါစေ

ဟု ဆုတောင်းပတ္ထနာ ပြုအပ်ပါသည်။ ။

မိုးကုတ်မြို့နယ်တွင် ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

မိုးကုတ် ဧပြီ ၁

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ရှောလီဝိုင်းအုပ်စု၊ ကံ့တော်ရပ်တွင် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ပေရှိ ဘုရားငါးဆူအောက်လမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၃သိန်း ခြောက်သောင်းနှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၁၃သိန်း ကိုးသောင်း စုစုပေါင်းကုန်ကျငွေ ကျပ် ၃၇သိန်း ငါးသောင်းဖြင့် ဆောင်ရွက်ခဲ့သည်။

တက်ရောက်

အဆိုပါ ဘုရားငါးဆူအောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဟန်မြင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ စုစုပေါင်း ၁၂၀၀ခန့် တက်ရောက်ကြသည်။

လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ရပ်မိရပ်ဖ ဦးဘသင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇–၄–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ခါသင်္ကြန်အဆိုအကများ
- ၇း၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄း၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၂၀ ၅။ ခါသင်္ကြန်အဆိုအကများ
- ၄း၂၅ ၆။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၃၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၈။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၂၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ (အပိုင်း–၃၁)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ကျန်းမာသုတ
- ၂၁။ မေးမြန်းစူးစမ်း
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကောင်းကင်သိုင်းကွက် (အပိုင်း–၂၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ဖွင့်လှစ်ပေး

ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ သျှိုင်းရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့) က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမောင်း ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

➪ စာမျက်နှာ ၃ မှ

ဖျာပုံတံတားမှာ အပေါ်ထည် သံမဏိသံပေါင်နှင့် သံမဏိ ရက်မအောက်ခြေသံကူကွန်ကရစ်တိုင်၊ ပိုင်အုတ်မြစ်တို့ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ပင်မတံတားအရှည် ၁၃၇၂ပေ၊ ဖျာပုံဘက်ကမ်းချဉ်းကပ် တံတားအရှည်ပေ ၁၃၃၀၊ ဒေးဒရဲဘက်ကမ်းချဉ်းကပ်တံတားအရှည်ပေ ၁၂၃၀ စုစုပေါင်း ၃၈၃၂ပေ ရှည်လျားသည်။ တံတားအကျယ် ယာဉ်သွားလမ်း ၂၈ပေ၊ လူသွားလမ်း တစ်ဖက်ခြောက်ပေစီ စုစုပေါင်း ပေ ၄၀ ကျယ်ပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၂၆၅ပေ၊ အမြင့် ၃၆ပေ ဖြစ်သည်။ ခွင့်ပြုအလေးချိန်မှာ ၃၆တန်၊ နှစ်လမ်းမောင်း ယာဉ်တစ်စီးခွင့်ပြုတန်ချိန် ၆၀ ဖြစ်ကြောင်းနှင့် ယခုအခါ လုပ်ငန်းအားလုံး၏ ၇၅ရာခိုင်နှုန်းမျှ ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ ဖွံ့ဖြိုးစည်ပင်တိုးတက်မှုနှင့် သပ်ရပ်သာယာမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာကြရာ ကျိုက်လတ်မြို့ ရွှေရတု(ပြည်ထောင်စု) ညော့်ရိပ်သာသို့ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် ရောက်ရှိကြပြီး ညော့်ရိပ်သာခန်းမ၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဖျာပုံ–ကျိုက်လတ်လမ်းအား အပြည့်အဝ ကတ္တရာလမ်းဖြစ်အောင် ခင်းကျင်းရန် တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မအူပင်လမ်းကို မော်တော်ယာဉ်များဖြင့် ဆက်လက်ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲ ၁နာရီ ၅၅မိနစ်တွင် မအူပင်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မအူပင်ခရိုင် ညော့်ရိပ်သာ၌ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ မှာကြားရာ၌ မအူပင်ခရိုင်နေပြည်သူများ ကျန်းမာရေး၊ ပညာရေးအခြေအနေကောင်းများဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က ဆေးရုံများ၊ ကျောင်းများ၊ တက္ကသိုလ်များကို တိုးချဲ့တည်ဆောက်ဖွင့်လှစ်ထားပြီးဖြစ်သည်နှင့်အညီ တာဝန်ရှိ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများကလည်း ကြိုးကြိုးစားစား ပြည်သူနှင့် ဒေသကို အကျိုးပြုကြဖို့လိုကြောင်း၊ မအူပင်ခရိုင်အနေဖြင့် သဘာဝသယံဇာတများရှိပြီးဖြစ်ရာ လူ၏လုပ်အား၊ အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ဖြင့် ပေါင်းစပ်လိုက်ပါက အလျင်အမြန်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အရည်အချင်းရှိသည့် လူသားအရင်းအမြစ်များ ဖြစ်ထွန်းအောင် ပညာရေးကဏ္ဍသည် အထူးအရေးကြီးကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးမှာလည်း ပြည်သူများအသိဉာဏ် ပညာရှိနေရေးနှင့် နိုင်ငံ၏စီးပွားရေး တောင့်တင်းရေးလိုအပ်ကြောင်း၊ မိမိတို့ ဝန်ထမ်းများ လစာတိုးပေးခြင်းမှာ နိုင်ငံတော်၏ ဂျီဒီပီတိုးတက်လာပြီး လူတစ်ဦးကျဝင်ငွေ တိုးတက်လာ၍ ပေးခြင်းဖြစ်ကြောင်း၊ လစာတိုးပေးလိုက်၍ ကုန်ဈေးနှုန်းများ မတက်အောင် ဝန်ထမ်းအိမ်ထောင်စုတိုင်း မိမိတို့နေအိမ်ခြံဝင်းအတွင်း စားပင်သီးပင်များစိုက်ပျိုးကြရန် ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာပါက ဧရာဝတီတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ပိုမိုလျင်မြန်မည်ဖြစ်၍ မိမိတို့ လာရောက်ကြည့်ရှု စစ်ဆေးတွန်းအားပေးခြင်းဖြစ်ကြောင်း၊ မအူပင်ခရိုင် တာဝန်ရှိသူများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကိုယ်တိုင်နှင့် ဒေသနေပြည်သူများ အရည်အချင်းရှိသည့် လူ့အရင်းအမြစ်များဖြစ်အောင်၊ စိတ်ဓာတ်ကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ့အကျိုးသယ်ပိုး ထမ်းရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မအူပင်မြို့မှ မော်တော်ယာဉ်ဖြင့် မအူပင်–ညောင်တုန်း–ရန်ကုန်လမ်းအတိုင်း လမ်းပန်းဆက်သွယ်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရင်း ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း ဖျာပုံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ပြီ ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ အန္တရာယ်ကင်းရှင်းစွာစားသုံးရေး သတိပေးနှိုးဆော်

ရန်ကုန် ဧပြီ ၁၆

ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သော စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပြီး လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်း ကြက်၊ဘဲများတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး ရောဂါစူးစမ်းရှာဖွေလေ့လာမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ယနေ့ရက်စွဲဖြင့် ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်ရေးနှင့် အန္တရာယ်ကင်းရှင်းစွာ စားသုံးရေး သတိပေးနှိုးဆော်ချက်ကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ထိန်းချုပ်နိုင်မှုသတင်း

(က) ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။ ၂၀၀၆ခုနှစ် မတ်လ ပထမပတ်မှ စတင်၍ ကျရောက်ဖြစ်ပွားခဲ့ပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း မြို့နယ် ၁၃မြို့နယ်အထိ ရောဂါကူးစက်ပျံ့နှံ့ခဲ့ပါသည်။

(ခ) ရောဂါထိန်းချုပ်နိုင်မှု။ ယခုအခါ အဆိုပါမြို့နယ်များ၌ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်ပြီး အချို့မြို့နယ်များတွင် အမြင့်ဆုံး ရက် ၂၀ နှင့် အနိမ့်ဆုံး ခုနစ်ရက်ရှိပြီး ဖြစ်ပါသည်။ လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်းကြက်၊ ဘဲများတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး ရောဂါစူးစမ်းရှာဖွေလေ့လာမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ ကုန်စည်စီးဆင်းမှုပုံမှန်ဖြစ်ရေး

(က) ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသောပြည်နယ်/တိုင်းများ

(၁) ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥတင်ပို့သောပြည်နယ်/တိုင်းများ။ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသော ပြည်နယ်/တိုင်းများအနေဖြင့် တင်ပို့သည့် ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများနှင့် ပတ်သက်၍ ရောဂါကင်းရှင်းကြောင်းကို သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်အပေါ် အခြေခံ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပါဝင်သော ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်များအတွင်း ဖွဲ့စည်းထားရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအဖွဲ့တို့၏ စိစစ်ထောက်ခံချက်ဖြင့် ဒေသအာဏာပိုင်သို့ ကြိုတင်တင်ပြခွင့်ပြုချက်များ ရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) ကြက်၊ ဘဲ၊ ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥတင်သွင်းသော ပြည်နယ်/တိုင်းများ။ ကုန်ပစ္စည်းများ လက်ခံမည့် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်များအနေဖြင့် သက်ဆိုင်ရာ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဒေသအာဏာပိုင်သို့ ကြိုတင်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်စည်တင်ပို့သည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်ဦးစီးမှူးများသို့လည်း ပြန်လည်ညှိနှိုင်းသွားမည်ဖြစ်ပါသည်။

(ခ) ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ထားရှိသောပြည်နယ်/တိုင်းများ

(၁) သယ်ပို့ရောင်းချမှု။ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ရောဂါ ဖြစ်ပွားခဲ့သည့် ၁၃ မြို့နယ်များ၌ ရောဂါထိန်းချုပ်နိုင်သည့် ကာလ ၂၁ရက်အတွင်း ကြက်ခြံဟောင်းများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ လက်ကျန်ကြက်ခြံများနှင့် တိုင်းရင်းကြက်၊ဘဲများတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှုမရှိရေး၊ ရောဂါစူးစမ်းရှာဖွေလေ့လာမှုများပြုလုပ်ပြီး ရောဂါကင်းရှင်းမှု စိတ်ချရသည့် မြို့နယ်များအတွင်း သက်ဆိုင်သည့် ရောဂါထိန်းချုပ်ရေးအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဒေသအာဏာပိုင်သို့ တင်ပြ၍ ကြက်၊ဘဲ၊ငုံးနှင့် ထွက်ကုန်ပစ္စည်းများ မြို့နယ်အတွင်း/မြို့နယ်ပြင်ပနှင့် ဈေး၊ စားသောက်ဆိုင်များ၌ ရောင်းချမှု၊ သယ်ပို့ပြောင်းရွှေ့မှုများကို ခွင့်ပြုသွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

(၂) ရောဂါဖြစ်ပြီးကြက်ခြံများပြန်လည်မွေးမြူမှု။ ရောဂါနောက်ဆုံးဖြစ်ပွားပြီး ၂၁ရက်အတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ ကြက်သေဆုံးမှုကို ထောက်လှမ်းခြင်း၊ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကင်းရှင်းရေး၊ ပြန်လည်ရှင်သန်မှု မရှိရေး ရောဂါစူးစမ်းရှာဖွေလေ့လာမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ထပ်နှစ်လအတွင်း လိုအပ်သည့် ဇီဝလုံခြုံရေးအစီအမံများ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကြက်အသစ်မသွင်းမီ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြို့နယ်/ရပ်ကွက်/ကျေးရွာအာဏာပိုင်ပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့ငယ်များဖြင့် အန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာများ ကြိုတင်ညှိနှိုင်းမှု၊ လေ့ကျင့်ပညာပေးဆွေးနွေးမှုပြုလုပ်ခြင်းများ စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်။ ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများအရ မွေးမြူထုတ်လုပ်သူ၊ သယ်ယူပို့ဆောင်သူ၊ ဝယ်ယူရောင်းချသူ၊ ချက်ပြုတ်စားသောက်သူများအနေဖြင့် အောက်ဖော်ပြပါ တိရစ္ဆာန်ကျန်းမာရေး ပညာပေးဆောင်ရန်၊ရှောင်ရန်များကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(က) မွေးမြူထုတ်လုပ်သူများ တိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ

(၁) ကြက်ငှက်တုပ်ကွေးရောဂါသည် အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံအရ တစ်ကျော့ပြန်၊ နှစ်ကျော့ပြန် ဖြစ်တတ်သည့်ရောဂါတစ်ရပ်ဖြစ်သည်ကို တိရစ္ဆာန်ကျန်းမာရေးသတိရှိရန်။

(၂) ကြက်၊ဘဲ၊ငုံးခြံများ၏ ဇီဝလုံခြုံမှုတိုးမြှင့်ရန်အတွက် တောရိုင်းကြက်၊ငှက်၊ ကြောင်၊ စာကလေး စသောတိရစ္ဆာန်များမဝင်နိုင်စေရန် မွေးမြူရေးအဆောက်အအုံကို ပြန်လည်မွမ်းမံပြုပြင်ဖန်တီးရန်။

(၃) လူ၊ တိရစ္ဆာန်၊ ယာဉ်နှင့် လုပ်ငန်းအသုံးအဆောင်ပစ္စည်းများ အဝင်၊ အထွက်ကို ကန့်သတ်ရန်၊ ပိုးသတ်သန့်စင်ပြီးမှ အဝင်၊အထွက်ပြုလုပ်ရန်နှင့် လုပ်ငန်းဝတ်စုံ သီးခြားထားရှိရန်။

(၄)ရောဂါကင်း၍ သန့်ရှင်းလတ်ဆတ်သော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေးကို အမြဲသတိပြုဆောင်ရွက်ရန်။

(၅) အဆောက်အအုံတစ်ခုအတွင်း မတူသည့် တိရစ္ဆာန်အမျိုးအစားရောနှော၍ မမွေးမြူရန်။

(၆) မိမိမွေးမြူရေးခြံမှ ထုတ်လုပ်သောစားသုံးရန် ကြက်ဥ၊ဘဲဥ၊ငုံးဥများကို ကြက်ဈေး၊ဘဲဈေး ကင်းစင်စေပြီး ဖြစ်နိုင်လျှင် မှိုင်းတိုက်ပိုးသတ်သန့်စင်ပြီးမှ ဖြန့်ဖြူး ရောင်းချခြင်းကိုဆောင်ရွက်ရန်။ (မှိုင်းတိုက်ပိုးသတ်မှုနည်းပညာကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှရယူရန်)

(၇) ကြက်နာ၊ကြက်သေများရောင်းချခြင်းမပြုလုပ်ရန်။

(၈) ထုပ်ပိုးသယ်ဆောင်ပစ္စည်းများအား ပိုးသတ်သန့်စင်ခြင်းကို စနစ်တကျ ဆောင်ရွက်ရန်။

(၉) မိမိမွေးမြူထုတ်လုပ်သော ကြက်၊ဘဲ၊ငုံးခြံများ၏ ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းကြောင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အစစ်ဆေးခံယူပြီး ကျန်းမာရေး ထောက်ခံချက်ရယူရန်။

(၁၀) မွေးမြူထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့် သေချာစွာ ဆေးကြောရန်၊ လုပ်ငန်းခွင်၌အသုံးပြုသည့် အဝတ်အစားများကို စနစ်တကျသန့်ရှင်း ထိန်းသိမ်းအသုံးပြုရန်။

(ခ) သယ်ယူပို့ဆောင်သူများတိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ

(၁) သတ်မှတ်သည့်လုပ်ငန်းသုံးဝတ်စုံကို စနစ်တကျ အသုံးပြုရန်၊ သီးခြား ထိန်းသိမ်းရန်။

(၂) မွေးမြူထုတ်လုပ်ရေးခြံ၏ ဇီဝလုံခြုံမှုညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်။

(၃) ကြက်နာ၊ ကြက်သေများကို ကျန်းမာသောကြက်များနှင့်ရောနှော၍လည်းကောင်း၊ မျိုးကွဲတိရစ္ဆာန် ကြက်၊ဘဲ၊ငုံး၊ ဝက်တို့ ရောနှော၍လည်းကောင်း သယ်ဆောင်ခြင်း မပြုရန်။

(၄) အသုံးပြုမည့်ယာဉ် သယ်ယူပို့ဆောင်ရေး အသုံးအဆောင်ပစ္စည်းများကို လုပ်ငန်းမဆောင်ရွက်မီ ပိုးသတ်သန့်စင်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးသည့်အခါ ပိုးသတ်သန့်စင်ခြင်းပြုလုပ်ရန်။

(၅) တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်ပါရှိသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကိုသာ သယ်ဆောင်ရန်။

(၆) လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကို သန့်ရှင်းစင်ကြယ်စေရန် ဆပ်ပြာနှင့် ဆေးကြောရန်။

(ဂ) အရောင်းအဝယ်ပြုသူများ တိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ

(၁) ရောဂါအန္တရာယ်ကင်းသည့်ကျန်းမာသော ကြက်၊ဘဲ၊ငုံး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများကို ဝယ်ယူရောင်းချရန်။

(၂) ကုန်စည်ဒိုင်၊ကုန်လှောင်ရုံနှင့်အရောင်းဆိုင်များ၏ ဇီဝလုံခြုံမှုကို တိုးမြှင့်ပြုပြင် ဆောင်ရွက်ရန်။

(၃) အရောင်းဆိုင်၌ မျိုးမတူသည့်တိရစ္ဆာန်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် ဟင်းသီး၊ ဟင်းရွက်များ ရောနှောအတူထားရှိ၍ရောင်းချခြင်းမပြုရန်။

(၄) လုပ်ငန်းခွင်ရောင်းဝယ်ရေးဝတ်စုံကို စနစ်တကျဝတ်ဆင် အသုံးပြုပြီး လုပ်ငန်းပြီးဆုံးက လဲလှယ်၍ စနစ်တကျသန့်ရှင်းသိမ်းဆည်းရန်။

(၅) လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ရန်။

(ဃ) ချက်ပြုတ်စားသောက်သူများတိရစ္ဆာန်ကျန်းမာရေးသတိပြုရန်အချက်များ

(၁) ကျန်းမာလတ်ဆတ်သော ကြက်၊ ဘဲ၊ ငုံး အသားများကိုသာ ဝယ်ယူချက်ပြုတ် စားသောက်ရန်၊ ကြက်နာ၊ ကြက်သေများကို ချက်ပြုတ်စားသောက်ခြင်းမှ ရှောင်ကြဉ်ရန်။

(၂) ဟင်းချက်ရန်အတွက် ကြက်ကို ခုတ်ထစ် ပိုင်းဖြတ်သည့်အခါ လိုအပ်လျှင် လက်အိတ်စွပ်၍လည်းကောင်း၊ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြော၍ လည်းကောင်းကိုင်တွယ်ပါ။ လုပ်ငန်းဆောင်ရွက်ပြီးတိုင်း ဆပ်ပြာနှင့်ဆေးကြော သန့်စင်ရန်၊ လက်တွင်ထိခိုက်ရှနာ အနာရှိလျှင် ကိုင်တွယ်ခြင်းမပြုရန်။

(၃) ပွက်ပွက်ဆူအောင်ချက်ပြုတ်စားသောက်ရန်။ (၆၀ဒီဂရီဆဲလ်စီးယပ်တွင် မိနစ် ၃၀ ခန့်၊ ၁၀၀ဒီဂရီ ဆဲလ်စီးယပ်တွင် နှစ်မိနစ်ခန့် ချက်ပြုတ်လျှင် အန္တရာယ်ကင်းစွာ စားသုံးနိုင်ပါသည်။)

(၄) အသားရောင်းဝယ်စားသုံးမှုတွင် ပြုပြင်ထုတ်လုပ်ပြီး အသားလုံးများကို ၈၀ဒီဂရီဆဲလ်စီးယပ် ရေနွေးပူတွင် မိနစ် ၂၀၊ အသားအူချောင်းများ ၆၅ဒီဂရီဆဲလ်စီးယပ်၌ မိနစ် ၃၀မီးခိုးမှိုင်းတိုက်၍ ၈၀ဒီဂရီဆဲလ်စီးယပ်ရေနွေးပူတွင် မိနစ် ၂၀ ထားရှိအအေးခံ၍ ရေခဲသေတ္တာတွင် သိုလှောင်ထားရှိသည့် အလေ့အကျင့်ကို သိရှိရန်နှင့် နည်းပညာကိုမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညှိနှိုင်းလွှဲပြောင်းရယူရန်။

(၅) ကြက်သား၊ ဘဲသား၊ ငုံးသားများကို ရေခဲသေတ္တာ၊ အအေးခဲသေတ္တာတို့တွင် အခြားအသားသီးနှံများနှင့် ရောနှော၍ မထားရန်၊ ရောနှောထိန်းသိမ်းရန်ဖြစ်လျှင် အသားများကို ပလတ်စတစ်အိတ်ဖြင့်ထုပ်ပိုးပြီး သိမ်းဆည်းရန်။

(၆) ကြက်ဥ၊ ဘဲဥ၊ ငုံးဥများကို ဆပ်ပြာရည်၊ ဆားရည်၊ ရှာလကာရည်စသည့် ရေဆွတ်ထားသည့် အဝတ်တို့ဖြင့် ပွတ်တိုက်သန့်ရှင်းပြီးမှ ရေခဲသေတ္တာ၊ ကြောင်အိမ် စသည်တို့တွင် သိမ်းဆည်းထားရန်။

(၇) လုပ်ငန်းဆောင်ရွက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် ဆေးကြောသန့်ရှင်းရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးကိစ္စများ လမ်းညွှန်မိန့်ကြား

တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်တော်မြို့ နယ်မြေခံတပ်ရင်း နဝရတ်ခန်းမ၌ ကျောက်တော်တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

▲ **ကျောဖုံးမှ**

ရောက်ရှိစေရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် လက်တွဲညီညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်သားကောင်းများဖြစ်အောင်၊ တပ်ကောင်းများဖြစ်အောင် တည်ဆောက်သွားကြရန် မိန့်ကြားပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် အမ်းမြို့သို့ ရောက်ရှိကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်နှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်တော်မြို့ နယ်မြေခံတပ်ရင်း နဝရတ်ခန်းမ၌ ကျောက်တော်တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း အမ်းမြို့ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကျောက်တော်မြို့နယ်မြေခံတပ်ရင်း နဝရတ်ခန်းမ၌ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ အမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေး
အမ်းမြို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်
စစ်သည်နှင့် မိသားစုများအား ရင်းရင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး
ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်း
၉ နာရီတွင် အမ်းမြို့ အနောက်ပိုင်းတိုင်းစစ်
အမ်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ
စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံသ
ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ နိုင်ငံ
ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေ
ကိစ္စများကို ရှင်းလင်းပြောကြားသည်။
ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တ
ကိစ္စများကို လမ်းညွှန်မိန့်ကြားပြီး အရာရှိ၊
မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်
တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသ
အမ်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လ
ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အ
အမ်းမြို့မှ သံတွဲမြို့သို့ ရောက်ရှိကြရာ အနော
ဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီး မြင့်ဆွေနှင့် တပ်မ
များက သံတွဲလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်
ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသ
ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝ
ရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ဗဟိုအလ
ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်
ဧပြီ ၁၄ရက် ညပိုင်းတွင် အမ်းမြို့နယ် ပြည်
အသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူ
စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြား၍ လို
ပေးကြသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၄–၂၀၀၆(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ(အပိုင်း–၂)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၅	သွားသွားလာလာ ကိုပါရာ (မဟာမြတ်မုနိဘုရားနှင့် ရေတော်ဆရာတော်အားပူဇော်ကန်တော့ခြင်း)
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၂၀	Celebrity Profile (ဗိုလ်ကလေးတင့်အောင်)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၅	
၉း၃၅	
၉း၄၀	
၉း၅၅	
၁၀း၀၅	
၁၀း၁၅	
၁၀း၂၅	
၁၁း၀၀	
၁၁း၀၅	
၁၁း၁၀	
၁၁း၂၀	
၁၁း၂၅	
၁၁း၅၀	
၁၂း၀၀	

အထ
ကို ည
ဆက်တို
သည်။

English Premier League

ညပိုင်း အစီအစဉ်

၆း၀၀	EPL ပွဲကြိုသုံးသပ်ချက်
၆း၁၀	Tottenham-Man˚U
၈း၂၄	Charlton-Portsmouth
၈း၂၅	Chelsea - Everton
၁၀း၃၀	Sunderland-Newcastle
၁၀း၃၀	Middlesbrough-West Ham
၂း၂၅	West Brom-Bolton

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမ်းမြို့အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ အမ်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊အကြပ်၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဧပြီ ၁၄ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ်ကျောက်တော်မြို့ မဟာမုနိဘုရားအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၅ ရက် နံနက် ၉ နာရီတွင် အမ်းမြို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ အမ်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက တပ်တည်ဆောက်ရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်တွင်း၊ တပ်ပြင် စည်းရုံးရေးကိစ္စများကို လမ်းညွှန်မိန့်ကြားပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လေယာဉ်ဖြင့် အမ်းမြို့မှ သံတွဲမြို့သို့ ရောက်ရှိကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးဗိုလ်မှူးကြီး ဗိုလ်မှူးကြီး မြင့်ဆွေနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာများက သံတွဲလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ ၁၄ရက် ညပိုင်းတွင် အမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၄-၂၀၀၆(တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ(အပိုင်း-၂)
- ၇း၂၅ တေးဂီတအစီအစဉ်
- ၇း၃၅ သွားသွားလာလာ ကိုပါရာ (မဟာမြတ်မုနိဘုရားနှင့် ရေတော်ဆရာတော်အားပူဇော်ကန်တော့ခြင်း)
- ၈း၀၀ တေးဂီတအစီအစဉ်
- ၈း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၁၀ တေးဂီတအစီအစဉ်
- ၈း၂၀ Celebrity Profile (ဗိုလ်ကလေးတင့်အောင်)
- ၉း၀၅ တေးဂီတအစီအစဉ်
- ၉း၁၅ ကြည်စွအယူခန္ဓာ့အလှူ ခမ္မနှင့်လှူ
- ၉း၃၅ မိုးလေဝသခန့်မှန်းချက်
- ၉း၄၀ နေဝင်ဘဝအလှဝေစည် မေတ္တာဝတီ
- ၉း၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၀၅ သွေးကုသိုလ်
- ၁၀း၁၅ တေးဂီတအစီအစဉ်
- ၁၀း၂၅ ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၁၀ အသက်ရာရှည်ကြောင်း ကိုယ်တွေ့နည်းလမ်းကောင်း
- ၁၁း၂၀ တေးဂီတအစီအစဉ်
- ၁၁း၂၅ ဘဝနိဂုံးပြုံးပန်းတစ်ရာ
- ၁၁း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်		လိုင်း
၆း၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၆း၁၀	Tottenham-Man˚U	5-Sports (Live)
၈း၂၄	Charlton-Portsmouth	5-Cartoons (Live)
၈း၂၅	Chelsea - Everton	5-Sports (Live)
၁၀း၃၀	Sunderland-Newcastle	5-Sports (SDD)
၁၀း၃၀	Middlesbrough-West Ham	5-Cartoons (SDD)
၂း၂၅	West Brom-Bolton	5-Sports (Live)

၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ပိတ်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၆

၁၃၆၇ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် မြို့တော်ခန်းမရှေ့ရှိ အဆိုပါမဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ၁၃၆၇ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ယိမ်းအဖွဲ့များက သတ်မှတ်နေရာများတွင် နေရာယူကြပြီး ၁၃၆၇ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ၁၃၆၇ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် အောင်မြင်စွာပြီးစီးကြောင်းနှင့် ရေသဘင်မဏ္ဍပ် ပိတ်သိမ်းကြောင်း ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ယိမ်းအဖွဲ့ဝင်များ၊ ရုပ်ရှင်၊သဘင်၊ဂီတ၊ အနုပညာရှင်များ၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိသားစုများ၊ ဝန်ထမ်းများ၊ သင်္ကြန်ချစ်သူ များအားလုံးတို့က "မန်းတောင်ရိပ်ခို" တေးသီချင်းကို သံပြိုင်သီဆို၍ တူညီကကြိုးများဖြင့် ကပြဖျော်ဖြေကြကာ ၁၃၆၇ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ကို ပျော်ရွှင်ကြည်နူးစွာဖြင့် အောင်မြင်စွာ ပိတ်သိမ်းလိုက်သည်။

ယင်းနောက် ည ၇နာရီတွင် ၁၃၆၇ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော အိုးစည်ပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲ၊ ၁၂ ဦးယိမ်း ရုံး၊ဌာန ပြိုင်ပွဲ၊ ၁၂ဦးယိမ်း ကျောင်းများပြိုင်ပွဲ၊ ၁၂ ဦးယိမ်း မူကြိုပြိုင်ပွဲ၊ ၁၂ဦး ယိမ်းအခြားအဖွဲ့အစည်းများ ပြိုင်ပွဲ၊ ၁၆ဦးယိမ်းရုံး၊ ဌာနများပြိုင်ပွဲ၊ ၁၆ဦးယိမ်းအခြားအဖွဲ့အစည်းများပြိုင်ပွဲ၊ ၁၆ ဦးယိမ်း ကျောင်းများပြိုင်ပွဲများတွင် ဆုရရှိကြသော အသင်းများအား မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ၎င်းတို့၏ ဇနီးများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့မဟာသင်္ကြန် အတက်နေ့တွင် နံနက်ပိုင်းမှ ညနေပိုင်းအထိ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ရေသဘင်ပွဲ ပျော်ရွှင်စွာဆင်နွှဲကြသော သင်္ကြန်ချစ်သူပြည်သူများအား တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ယိမ်းအဖွဲ့ဝင်များ၊ ရုပ်ရှင်၊သဘင်၊ ဂီတအနုပညာရှင်များက ခါသင်္ကြန် အဆိုအကများဖြင့် ဖျော်ဖြေ တင်ဆက်ကြပြီး ပျော်ရွှင်စွာ အတာရေ ပက်ဖျန်းကစားကြရာ အတာရေသဘင်ပွဲကို ချစ်မြတ်နိုးကြသော ပြည်သူများ၊ ရေပက်ခံသူများ၊ ရေပက် ကစားကြသူများနှင့် ရေပက်ခံ မော်တော်ယာဉ်များဖြင့် အထူးစည်ကား များပြားလှသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ရေသဘင်မဏ္ဍပ်

၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ပိတ်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ စာတမ်းပြုစုရေး အစည်းအဝေးတက်ရန်ထွက်ခွာ

ရန်ကုန် ဧပြီ ၁၆

အင်ဒိုနီးရှားသမ္မတနိုင်ငံ အုဘုမြို့၌ ဧပြီ၁၇ရက်မှ ၂၀ရက်အထိ ကျင်းပမည့် အာဆီယံ ပဋိညာဉ်စာတမ်းပြုစုရေး ပညာရှင် ပုဂ္ဂိုလ်များ၏ တတိယ အကြိမ်အစည်းအဝေး (The Third Meeting of the Eminent Persons Group (EPG) on the ASEAN Charter)သို့ တက်ရောက်ရန် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသိမ်းနှင့် ဌာနစုမှူး(၁) ဦးဇော်နိုင်ဝင်းတို့ လိုက်ပါသွားသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းမြို့ နယ်မြေခံတပ်နယ်အတွင်း ခြစ်စည်းရိုးကြက်ဆူပင်အပင် တစ်သိန်းစိုက်ပျိုးပွဲတွင် တပ်မိသားစုဝင်များ ခြစ်စည်းရိုးကြက်ဆူပျိုးပင်များစိုက်ပျိုးမှုကို ကြည့်ရှုအားပေးစဉ်။(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း နယ်မြေခံတပ်နယ် ခြစ်စည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲတော် တက်ရောက်အားပေး ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း စစ်ဆေး

ရန်ကုန် ဧပြီ ၁၆

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၀ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် မန္တလေးမြို့ နန်းမြို့ဧည့်ရိပ်သာမှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာရာ မန္တလေးဘက်ကမ်း စစ်ကိုင်းတံတားထိပ်မှ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး ဆက်လက်ထွက်ခွာလာရာ နံနက် ၈ နာရီတွင် စစ်ကိုင်းမြို့ နယ်မြေခံတပ်နယ်သို့ ရောက်ရှိကာ နယ်မြေခံ တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နှုတ်ဆက်အားပေး

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်တွင် ပါဝင်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စံနမူနာပြ ကြိုးပမ်းဆောင်ရွက်ရေး၊ ကြက်ဆူပင် စိုက်ပျိုးရေးကို အလေးထား ဆောင်ရွက်ရေး၊ မိသားစု သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် ဆောင်ရွက်ရေး ရှင်းလင်းမှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်အတွင်း ခြစ်စည်းရိုး ကြက်ဆူပင် အပင်တစ်သိန်း စိုက်ပျိုးပွဲသို့ ရောက်ရှိပြီး ခြစ်စည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးကြကာ တပ်မိသားစုဝင်များ ခြစ်စည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ပျိုးခင်းစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ် ဘက်စုံ စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ဘက်စုံစိုက်ပျိုးရေးခြံအတွင်း ခြစ်စည်းရိုးကြက်ဆူ စံပြစိုက်ခင်းနှင့် တိုက်ရိုက်အစေ့ချ ပျိုးဥယျာဉ်ပျိုးပင် တစ်သိန်းစိုက်ကွက်မှခြစ်စည်းရိုး ကြက်ဆူပင် ခြံအမှတ်(၄)၌ ကြက်ဆူစေ့ကို သဲနုံးမြေ၌ အစေ့ချ ပျိုးထောင်ထားသည့် ပျိုးပင်ပေါင်း ၁၅၃၁၇ ပင် ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ စစ်ကိုင်းမြို့နယ် အိုးဘိုရပ်ကွက် အိုးကြီးကွေ့သို့ ရောက်ရှိကြပြီး လမ်းတိုးချဲ့ ပြုပြင်နေမှုနှင့် ဧရာဝတီတံတား(ရတနာပုံ) ချဉ်းကပ်လမ်း ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တည်ဆောက်မှုကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ကမ်းမှ ရေယာဉ်ဖြင့် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးဘက်ခြမ်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း (စစ်ကိုင်းဘက်ကမ်း) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းနှင့် (မန္တလေးဘက်ကမ်း) ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်တို့က တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်း တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်မီ ပြီးစီးရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်ရေး ဖြတ်သန်းသွားလာမည့် ရေယာဉ်များ အန္တရာယ် ကင်းရှင်းရေးအတွက် အမှတ်အသားများ စနစ်တကျ ဆောင်ရွက်ရေးမှာကြားသည်။

တံတားတစ်ခုလုံး၏ အောက်ထည်ပိုင်း လုပ်ငန်းများ မူလစီမံချက်ပါအတိုင်း ဆောင်ရွက် ပြီးစီးလျက်ရှိပြီး တံတားအပေါ်ထည် သံပေါင် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရသည်။

သံပေါင်များကို စစ်ကိုင်းဘက်ကမ်း၌ ပင်မတံတားတိုင်း RP 8 မှ RP 7 သို့ ၁၁၂ မီတာ၊ RP 7 မှ RP 6 သို့ ၁၁၂မီတာ၊ RP 5 မှ RP 4 သို့ ၁၁၂ မီတာ၊ RP 5မှ RP 6 သို့ ၂၂၄ မီတာ တပ်ဆင်ပြီးဖြစ်သည်။

မန္တလေးဘက်ကမ်း၌ ပင်မတံတားတိုင် RP 1 မှ RP 2 သို့ ၁၁၂ မီတာ၊ RP 2 မှ RP 3 သို့ ၁၁၂မီတာ၊ RP 4 မှ RP 3 သို့ ၁၁၂ မီတာ၊ RP 4 မှ RP 5 သို့ ၁၀၄ မီတာ၊ RP 3 မှ RP 4 သို့ မီတာ ၈၀ တပ်ဆင်ပြီးဖြစ်သည်။

ယခုအခါ တံတားတစ်ခုလုံးအနေဖြင့် သံပေါင်တပ်ဆင်မှု လုပ်ငန်းစုစုပေါင်း ၁၁၂၆ မီတာ ရှိရာတွင် ၁၀၈၆ မီတာတပ်ဆင် တည်ဆောက်ပြီး ဖြစ်သည်။ ဆက်လက်၍ RP 3 မှ RP 4 သို့ ၁၁၂မီတာအထိ သံပေါင် တပ်ဆင်မှု လုပ်ငန်းကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မန္တလေးဘက်ကမ်းရုံး သံပေါင်တပ်ဆင်မှု အနေဖြင့် ၂၈ ခန်းအနက် ၃၂ ခန်း တပ်ဆင်ပြီးဖြစ်၍ ငါးခန်းသာ တပ်ဆင်ရန် ကျန်ရှိကြောင်း၊ ဧပြီလ မကုန်မီ တံတားတစ်ခုလုံး သံပေါင်တပ်ဆင်မှု ဆက်မိသွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နန်းမြို့ဧည့်ရိပ်သာမှ ထွက်ခွာပြီး ရန်ကုန်–မန္တလေးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်

ရန်ကုန် ဧပြီ ၁၆

မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်)တွင် မြန်မာရုပ်ရှင် ကားသစ်တစ်ကားဖြစ်သည့် "ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ"အမည်ရှိ ဆေးရောင်စုံဇာတ်ကားသစ် ရုံဝင်လာသည်။

ပြသဆဲ "ရတနာ"ဇာတ်ကားမှ မေသန်းနုနှင့် ပုလဲဝင်းတို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့် ရုပ်ရှင်ရုံတို့တွင်ရုံဝင်လာသည့် ဂုဏ် ရှိန်ပြင်း တဲ့ချစ်ခြင်းသိက္ခာဇာတ်ကားသစ်မှ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့၏သရုပ်ဆောင်မှုကို တွေ့ရစဉ်။

မေတ္တာဘွဲ့ဇာတ်ကား

ကျော်ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ အကယ်ဒမီ ငြိမ်းမင်း ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ဒေါနနှင့်တွဲဖက်ဒါရိုက်တာ သီလဖိုးကျော်(သန်လျင်)တို့ ရိုက်ကူးသည့် "ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ" ဇာတ်ကားမှာ ရွှေချည်ထိုး လုပ်သားလေးဘဝမှ ပါမောက္ခတစ်ဦးအဖြစ်သို့ ရောက်အောင် ကြိုးစားရုန်းကန်ခဲ့ရသူ တစ်ဦးနှင့် ချမ်းသာကြွယ်ဝသူ မိသားစုမှပေါက်ဖွားခဲ့သည့်သူ၏ချစ်သူတို့၏ မတူညီသော ဘဝနှစ်ခု အကြောင်းဇာတ်လမ်းဖြစ်သည်။ မတူညီသော ဘဝနှစ်ခုကို ပေါင်းစပ်နိုင်ရန် ကြိုးစားခဲ့သော်လည်း လက်တွေ့တွင် ပေါင်းစပ်၍ မရနိုင်ဖြစ်ရပုံကို ရိုက်ကူးတင်ပြထားသည့် မေတ္တာဘွဲ့ဇာတ်ကားတစ်ကားဖြစ်သည်။

တစ်ပြိုင်တည်းပြသ

အဆိုပါဇာတ်ကားတွင် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တစ်ပြိုင်တည်းပြသသည်။ ထို့အပြင် ပရိသတ်အားပေးမှုကို ခံယူ ရရှိနေဆဲဖြစ်သည့် "ရတနာ" ဇာတ်ကားမှာလည်း ရွှေဆောင်ရုံတွင် ဆက်လက်ပြသလျက်ရှိသည်။(ကြေးမုံ)

ရန်ကုန်နှင့် မန္တလေးမြို့များတွင် မဟာသင်္ကြန်ပွဲတော် အထူးစည်ကား

ရန်ကုန် ဧပြီ ၁၆

၁၃၆၇ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်တွင် ရန်ကုန်မြို့၌ ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

သင်္ကြန်ကာလအတွင်း မဟာသင်္ကြန်အကျနေ့ ဖြစ်သော ဧပြီ ၁၄ရက် နံနက် ၉နာရီခွဲခန့်တွင် ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ ရေကစားမဏ္ဍပ်တစ်ခုဖြစ်သည့် Melody ရေကစားမဏ္ဍပ်သည် အောက်ခြေမခိုင်သဖြင့် ပြိုကျမှု ဖြစ်ပွားခဲ့သည့်အတွက် ရေကစားသူအချို့ ထိခိုက်ပွန်းရှ ဒဏ်ရာရရှိမှု အနည်းငယ်ရှိခဲ့သော်လည်း လူအသေအပျောက် မရှိကြောင်းသိရှိရသည်။

ရန်ကုန်မြို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလတွင် ရေကစားသူ၊ ရေပက်ခံသူများဖြင့် တစ်နေကုန် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။

မန္တလေးမြို့တွင်လည်း မဟာသင်္ကြန်ကာလတွင် ရေကစားသူ၊ ရေပက်ခံသူများဖြင့် အထူးစည်ကားခဲ့ပြီး အေးချမ်းပျော်ရွှင်ချမ်းမြေ့စွာဖြင့် ရေကစားခဲ့ကြသည်။ (သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့ တစ်ခွင် ပြည်သူများပျော်ရွှင်စွာရေကစား စေတီ၊ ဘုရား၊ ပုထိုးများ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကုသိုလ်ပြု

ရန်ကုန် ဧပြီ ၁၆

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သော မဟာသင်္ကြန်အတက်နေ့ဖြစ်သည့်အလျောက် ရန်ကုန်မြို့တစ်ခွင်၌ အတာသင်္ကြန်ရေပက်ဖျန်းကစားကြသူများ၊ အတာသင်္ကြန်ရေပက်ခံရေကစားကြသူများ၊ သင်္ကြန်ချစ်သူပြည်သူများသည် နံနက်ပိုင်းမှ ညနေပိုင်းအထိ တစ်နေကုန် တစ်နေခန်း ရေကုန်ရေခန်း မြူးထူးပျော်ရွှင်စွာဖြင့် ရေကစားကြသည်ကို တွေ့မြင်ရသည်။

ထို့အပြင် ရန်ကုန်မြို့တစ်ခွင်လုံး၌လည်း သင်္ကြန်တေးသီချင်းများ၊ သင်္ကြန်အကများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

ထို့အတူ သင်္ကြန်ကာလအတွင်း တရားဘာဝနာ ပွားများကြသူများ၊ တရားစခန်းများ၌ တရားအားထုတ်ကြသူများ၊ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာဖြစ်သည့် ဘုရား၊ ကျောင်းကန်များအတွင်း သန့်ရှင်းရေးလုပ်အားဒါနပြုကြခြင်း၊ မင်္ဂလာတရားတော်နှင့်အညီ ဂုဏဝုဍ္ဎိ၊ ဝယဝုဍ္ဎိ ကြီးမြင့်ကြသူ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း လှီးပေးခြင်းစသော ကောင်းမှုကုသိုလ်များ ပြုကြခြင်း၊ ရဟန်းရှင်လူပြည်သူများအား အာဟာရဒါန စတုဒိသာအလှူပေးလှူခြင်းတို့ဖြင့် မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ်၏ နှစ်ဟောင်းကာလကို ဖြတ်ကျော်ကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၌ သင်္ကြန်မိုး တဖွဲဖွဲရွာသွန်းမှုကြောင့် ၁၃၆၇ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အတက်နေ့တွင် ပါဝင်ဆင်နွှဲကြသူများသည် အေးချမ်းလျက်ရှိပြီး ပျော်ရွှင်စွာဖြင့် ရေကစားကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ရိုးရာယဉ်ကျေးမှုကို ထိပါးခြင်းမရှိဘဲ အေးချမ်းပျော်ရွှင်စွာ ရေကစားကြနိုင်ရန်နှင့် မလိုလားအပ်မှုများ မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်၍ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အသီးသီးရှိ ရပ်ကွက်နှင့်လမ်းများ၌ လိုအပ်သော ကူညီစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြသည်။

မဟာသင်္ကြန် အတက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ကျိုက္ကစံ၊ ကမ္ဘာအေး၊ မယ်လမု၊ မဟာဝိဇယနှင့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ပုဇွန်တောင် ရွှေဘုန်းပွင့်စေတီ၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီး၊ ကြေးသွန်းဘုရားကြီး၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး စသည့် စေတီ၊ ဘုရား၊ ပုထိုးတို့တွင် ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ ပန်း၊ရေချမ်း၊ ဆီမီး၊ နံ့သာဖြင့်ကပ်လှူပူဇော်ခြင်း၊ ဘုရားဖူးပြည်သူများအား စားဖွယ်မျိုးစုံ အာဟာရဒါန စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း စသော ကုသိုလ်တရားပွားများကြသည့်အပြင် ရန်ကုန်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဝိပဿနာတရားစခန်းများ၌လည်းဥပုသ်သီလဆောက်တည်သူများ၊ စခန်းဝင်၍ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားအားထုတ်ကြသူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်ကိုတွေ့ရှိရသည်။

ထို့အတူ မြန်မာနိုင်ငံတွင် ခေတ္တရောက်ရှိနေကြသော နိုင်ငံခြားသားများနှင့် အခြားဘာသာဝင်များကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ပျော်ရွှင်မြူးထူးစွာ ပါဝင်၍ ရေကစားကြသည်ကိုလည်း တွေ့ရှိရသည်။

ဗုဒ္ဓဘာသာဝင်များသည် မဟာသင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှ မကောင်းမှုများကို အတာသင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ပြီး နှစ်သစ်ကို ကောင်းမှုများဖြင့် ထုံမွှမ်းကြသည်နှင့်အညီ ယခုနှစ် ၁၃၆၇ခုနှစ်သည် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၂ မိနစ် ၂၈ စက္ကန့်တွင် မဟာသင်္ကြန်တက်ပြီး နှစ်ဟောင်း ကုန်ဆုံးကာ မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်သို့ ကူးပြောင်းပြီးဖြစ်သဖြင့် နှစ်ဟောင်းကို သင်္ကြန်ရေဖြင့် သန့်စင်ဆေးကြော၍ အေးချမ်းပျော်ရွှင်စွာ ရေကစားကြပြီး နှစ်သစ်သို့ ကူးပြောင်းသွားပြီဖြစ်သည်။ (သတင်းစဉ်)

ပြည်လမ်း

မဟာသင်္ကြန်အတက်နေ့ (ဧပြီ ၁၆ ရက်)တွင် ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ ရေကစားမဏ္ဍပ်တစ်ခု၌ ရေပက်ခံကားများဖြင့် စည်စည်ကားကား ရေပက်ကစားနေကြစဉ်။ (ကြေးမုံ)

တက္ကသိုလ်ရိပ်သာလမ်း

ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)က တက္ကသိုလ်ရိပ်သာလမ်းရှိ The Flower Newsနှင့် The Yangon Times ဂျာနယ် ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာရေကစားကြစဉ်။ (ကြေးမုံ)

ဦးဝိစာရလမ်း

ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)က ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှေ့ရှိ Jewellery Luck မိသားစု ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာရေကစားကြစဉ်။ (ကြေးမုံ)

အနော်ရထာလမ်း

ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)က လသာမြို့နယ် အနော်ရထာလမ်း၌ ရေပက်ခံကားများနှင့်စည်ကားနေသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

၁၉ လမ်း မိသားစု VALIANT ရေကစားမဏ္ဍပ် မဟာသင်္ကြန်ရက်များအတွင်း ပျော်ရွှင်စွာကျင်းပ

ရန်ကုန် ဧပြီ ၁၆

Myanmar Towards Co, Ltd ၏ ပံ့ပိုးကူညီမှုဖြင့် လသာမြို့နယ် အမှတ်(၄)ရပ်ကွက် ၁၉လမ်းမိသားစု VALIANT ရေကစားမဏ္ဍပ်တွင် ဧပြီ ၁၃ ရက် (မဟာသင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၆ ရက် (မဟာသင်္ကြန်အတက်နေ့) အထိ လမ်းမိသားစုများ ပျော်ရွှင်စွာရေကစားကြသည်။

VALIANTရေကစားမဏ္ဍပ်သို့ မဟာသင်္ကြန်ရက်များအတွင်း အမှတ်(၄) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးသည်။

အဆိုပါရေကစားမဏ္ဍပ်တွင် တေးသံရှင်များက တီးဝိုင်းဖြင့်တွဲဖက် သီဆိုဖျော်ဖြေကြပြီး နေ့စဉ်စတုဒိသာ အလှူကျွေးမွေးလှူဒါန်းကြသည်။ (သတင်းစဉ်)

ဧပြီ ၁၆ ရက်က လသာမြို့နယ် ၁၉ လမ်း မိသားစု Valiant ရေကစားမဏ္ဍပ်တွင် မဟာသင်္ကြန် ပွဲတော်ကာလအတွင်း ပျော်ရွှင်စွာရေကစားကြသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပျော်ရွှင်မှု ကြည့်ရှုအားပေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ပျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ မဟာသင်္ကြန်အကြတ်နေ့တွင် သင်္ကြန်ချစ်သူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

ရန်ကုန် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ဧပြီ ၁၅ ရက်တွင် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မန္တလေးမြို့တစ်ဝန်းလုံး၌ သင်္ကြန်တေးသံသာများဖြင့် လွှမ်းခြုံလျက်ရှိသည်ကို တွေ့ရပြီး သင်္ကြန်ချစ်သူ ပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မင်္ဂလာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြရုံမက ဗုဒ္ဓဘာသာဝင်ပြည်သူများသည် မိမိတို့၏ ဘိုးဘွား ဆွေမျိုးသက်ကြီးရွယ်အိုနှင့် ဆရာသမားများအား လှူဒါန်းကန်တော့ခြင်း၊ ဘုရားပုထိုး စေတီများတွင် ရေသပ္ပာယ်ခြင်း၊ ငှက်တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း၊ မိမိတို့မြို့နယ်၊ ရပ်ကွက်အသီးသီးတို့ရှိ ဓမ္မာရုံများ၊ ရိပ်သာများ၊ ဘုရားကျောင်းကန်များတွင် ဥပုသ်သီတင်းသီလ စောင့်ထိန်းကြကာ ဒါနသီလ ဘာဝနာတရားအားထုတ်ခြင်း၊ ပုတီးစိပ်ခြင်း အစရှိသည့် လောကုတ္တရာ မင်္ဂလာကုသိုလ်ကောင်းမှု အဖြာဖြာကိုလည်း ပြုလုပ်ကြသည်။

ထို့အပြင် သင်္ကြန်ပွဲတော်မတိုင်မီကပင် စုပေါင်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူမင်္ဂလာပွဲများကိုလည်း ကျင်းပကြရာ မန္တလေးတောင်ခြေ အရှေ့ဘက်ရှိ ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နာယက ဆရာတော်ဘဒ္ဒန္တ ကေသရိဒ္ဒက ကြီးမှူးဖွင့်လှစ်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရရိပ်သာ၏ (၁၀)ကြိမ်မြောက် မဟာသင်္ကြန် အထူးတရားစခန်း၌ ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် ယောဂီ စုစုပေါင်း ၇၀၀ ခန့်သည် တရားအားထုတ် ကျင့်ကြံလျက်ရှိသည်မှာ ယမန်နှစ်ကထက်ပိုမိုများပြားလာသည်ကိုတွေ့ရပြီး မန္တလေးမြို့ ၆၂လမ်းရှိ စွန်းလွန်းဝိပဿနာ တရားစခန်းနှင့် စစ်ကိုင်းတောင်ရိုးဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာ သင်္ကြန်အထူး တရားစခန်းတွင်လည်း ကျင့်စဉ်တရားအားထုတ် နေသည့် သူတော်စင်များကို တွေ့ရှိရသည်။

တပျော်တပါးပါဝင်ဆင်နွှဲ

မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ စည်ပင်သင်္ကြန်မိသားစုဝင်များ၊ ရုပ်ရှင် ဗွီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များ တေးသံရှင်များနှင့် ဧည့်သည်များသည် ကျုံးတော်တောင်ဘက်ရှိ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် မိသားစု၏ နန်းမြို့သူ မဏ္ဍပ်မှ စတင်၍ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ ဧည့်ခံသည့် Alpine သောက်ရေသန့် မိသားစု ရေကစားမဏ္ဍပ်၊ ကျုံးတော်အရှေ့ဘက်ရှိ မန္တလေးတိုင်း သစ်တောဦးစီးဌာနမိသားစု ရေကစားမဏ္ဍပ်၊ မြန်မာ့သစ်လုပ်ငန်း မိသားစု၏ ကျွန်းရွှေဝါ ရေကစားမဏ္ဍပ်၊ မြန်မာကွန်ပျူတာကုမ္ပဏီ MCC မိသားစု ရေကစားမဏ္ဍပ်နှင့် ကျုံးတော်အနောက်ဘက်ရှိ အောင်မြေသာစံမြို့နယ် ရေကစားမဏ္ဍပ်များသို့ လှည့်လည်သွားရောက်၍ ရေကစားမဏ္ဍပ်များမှ မိသားစုတို့နှင့်အတူ ပျော်ရွှင်ကြည်နူးစွာ အပြန်အလှန် ရေကစားကြကာ အဆို၊ အတီး၊ အက၊ အလှများဖြင့် ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

၁၃၆၇ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ဆင်နွှဲကြမည့် သင်္ကြန်အလှပြယာဉ်များနှင့် ယိမ်းများကိုတွေ့ရစဉ်။ (သတင်းစဉ်)

စည်ကားလျက်ရှိ

မဟာသင်္ကြန်အကြတ်နေ့ မွန်းလွဲပိုင်းတွင် အနယ်နယ် အရပ်ရပ်မှ လာရောက်၍ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြသူများသည် သင်္ကြန်ရိပ်ခိုလှုံကြရာတွင် အမရပူရမြို့နယ် တောင်သမန်အင်း၊ မယ်ဇင်ပင်တန်းနှင့် ဦးပိန်တံတားတို့တွင် အပန်းဖြေ အနားယူနေသူများဖြင့် အထူးစည်ကားလျက်ပြီး မန္တလေးတောင်ခြေ၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားတို့တွင်လည်း အပန်းဖြေ အနားယူ၍ ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

မဟာသင်္ကြန်အကြတ်နေ့ ညနေပိုင်းတွင်လည်း ကျုံးတော်ပတ်ပတ်လည်ရှိ ပုဂ္ဂလိက ရေကစားမဏ္ဍပ်များတွင် နာမည်ကျော်တေးဂီတအဖွဲ့များ၊ ရုပ်ရှင်၊ ဗွီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်ကြီးများ၊ တေးသံရှင်များက သင်္ကြန်ချစ်သူ ပြည်သူများအကြိုက် သင်္ကြန်တေးများ၊ ခေတ်ပေါ်တေးများဖြင့် သီဆို၍ သင်္ကြန်မဏ္ဍပ်ရှိ လုပျိုဖြူများ၏ အကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပျော်ရွှင်စွာ နေဝင်သည်အထိ ဖျော်ဖြေတင်ဆက်ကြရာ ရေပက်ခံသူများ၊ ရေကစားသူများဖြင့် ကြက်ပျံမကျ တိုးမပေါက်အောင် စည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။

ကြည့်ရှုအားပေး

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် လာရောက်ယှဉ်ပြိုင်ကြသည့် အလှပြယာဉ်များကို ယာဉ်အလှပြ အကဲဖြတ်အဖွဲ့တို့က စိစစ်လျက်ရှိသည်။ ဆက်လက်၍ မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကလည်း ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များနှင့် သင်္ကြန်လုပျိုဖြူများက အဆို၊ အတီး၊ အကများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြရာ အားပေးကြည့်ရှုကြသည့် သင်္ကြန်ချစ်သူ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ မန္တလေးမြို့တော်ဝန်နှင့် ဇနီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့ဝင်များ ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

နှစ်ဦးဆုမွန်

**စိတ္တရနှင့်
မိဿရာသီ၊ အခါညီစွ
နှစ်ဟောင်းမှသည်၊ နှစ်သစ်ဆီသို့
ပြောင်းလို့ရွှေ့ချီ၊ ရာသီတန်ခူး
လမြတ်ဦးမှာ၊ ပွင့်ဖူးဝေဆာ
ပိတောက်ဝါတို့၊ လူ့ရွာအလှ
ဆင်ယင်သပြီ၊ ဒါနပြုကြ
သီလဆောက်တည်၊ ရေရှည်မျှော်ကိုး
ကောင်းကျိုးတွက်ဆ၊ လူ့လောကတွက်
စွမ်းထက်အားမာန်၊ အခြေခံ၍
ကြံစည်နိုးကြား၊ စဉ်ကြိုးစားလျက်
မများလောဘ၊ ဒေါသမထန်
ရန်...မာန်မတု၊ မေတ္တာပြုသည်
မကောင်းမှုတား၊ ကောင်းမှုပွားမည်
အမှားကိုမြင်၊ အမှန်ပြင်သည်
ဆင်ခြင်သိတတ်၊ လူ့ဂုဏ်ဒြပ်နှင့်
မြင့်မြတ်သာယာ ဖြစ်ပါစေ...။
နှစ်မြတ်မင်္ဂလာ သစ်ဖြာဝေ...။**

ခြိမ့်နိုင်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇–၄–၂၀၀၆ (တနင်္လာနေ့)

၁၃၆၈ ခုနှစ် မြန်မာနှစ်ဆန်း (၁)ရက်နေ့

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ **နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဟောကြားတော်မူသည့် "နှစ်သစ်မင်္ဂလာ တရားတော်"**
- ၈း၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၅ ၆။ ခါသင်္ကြန်အဆိုအကများ
- ၈း၃၀ ၇။ International News.
- ၈း၄၅ ၈။ **ဘဒ္ဒန္တ ကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မဟာဝိသုတာရာမ တိုက်သစ်၊ မကွေးမြို့ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ သံဃာတော်အပါး ၅၀၀၀ က ချီးမြှင့်သော ပရိတ်တရားတော်
- ၄း၁၅ ၂။ ဓမ္မပူဇာတေးအစီအစဉ်
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၄း၄၅ ၄။ အကပဒေသာ
- ၄း၅၅ ၅။ အတီးပြိုင်ပွဲ
- ၅း၀၅ ၆။ တေးဂီတအစီအစဉ်
- ၅း၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၅ ၈။ မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ
- ၅း၄၀ ၉။ **"အဲဒီမှာစတွေ့တာပဲ" (မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ–မင်းအုပ်စိုး)**
- ၅း၄၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆း၅၀ ၁၄။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း–၅)
- ၇း၀၅ ၁၅။ ဦးခိုက်ဖူးမြော်ရွှေမော်ဓော စေတီတော်
- ၇း၂၀ ၁၆။ ပန်းပဲ
- ၇း၂၅ ၁၇။ **ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ကြီး၏ ပဏ္ဍိက နမက္ကာရ အစိန္တေယျဘုရား ရှိခိုးကြီး (ဒါရိုက်တာ ဦးသုခ၊ မောင်နှင်းမိုး)**
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **"ဇေယျတုသဗ္ဗမင်္ဂလံ (ဆရာကြီး ဦးသုခ)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

အာကာသခရီးသည်များအတွက် အခြေစိုက်စခန်းဖွင့်ရေး ဩစတြေးလျ အာကာသယာဉ်မှူး အဆိုပြုတင်ပြ

ထူးထူးခြားခြား အင်တာနက်သိပ္ပံ သတင်းများ

အဒီလိတ်(ဩစတြေးလျ) ဧပြီ ၁၆

ဩစတြေးလျနိုင်ငံရှိ ဝူးမရာဒုံးပျံ ယာဉ် လွှတ်တင်ရေး စခန်းအား အာကာသသို့ အလည်အပတ် သွားရောက်လိုသော ခရီးသည်များအတွက် နိုင်ငံတကာ အာကာသ အခြေစိုက် စခန်းအဖြစ်သို့ ပြောင်းလဲမည့် အစီအစဉ်တစ်ရပ်ကို ဩစတြေးလျ အာကာသယာဉ်မှူး အင်ဒီသောမတ်စ်က အစိုးရထံတင်ပြထားကြောင်း ဧပြီ ၁၆ရက် အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အာကာသယာဉ်မှူး ဒေါက်တာ အင်ဒီသောမတ်စ်သည် ဝူးမရာဒုံးပျံ ယာဉ် လွှတ်တင်ရေး စခန်းအား အာကာသ ခရီးသည်များ အာကာသသို့ ခရီးနှင်ရာတွင် ခရီးစတင်မည့် အာကာသစခန်းအဖြစ်သို့ လည်းကောင်း၊ ဂြိုဟ်တု လွှတ်တင်ရေး အာကာသစခန်းအဖြစ်သို့ လည်းကောင်း ပြောင်းလဲရန် အစီအစဉ်တစ်ရပ်ကို ရေးဆွဲထားပြီး ဗဟိုအစိုးရ အဖွဲ့အောက်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသို့ တင်ပြထားပြီဖြစ်သည်။

ဩစတြေးလျ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဂျူလီဘစ်ရှော့သည် မိမိ၏ အစီအစဉ်ကို အလွန်စိတ်ဝင်စားကြောင်း ဒေါက်တာသောမတ်စ်က ပြောကြားသည်။

ဒေါက်တာသောမတ်စ်သည် ၎င်း၏ အစီအစဉ်နှင့် ပတ်သက်၍ ဖြစ်တန်ခြေ လေ့လာမှုတစ်ရပ် ပြုလုပ်ရန် အဒီလိတ် တက္ကသိုလ်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ဝူးမရာ ဒုံးပျံယာဉ်လွှတ်တင်ရေး စခန်းကို နိုင်ငံတကာ အာကာသ အခြေစိုက်စခန်းအဖြစ်သို့ ပြောင်းလဲရေး အစီအစဉ်သည် ၁၀နှစ်အချိန်ယူ ဆောင်ရွက်ရမည့် စီမံကိန်း တစ်ရပ်ဖြစ်ပြီး တည်ရှိနေဆဲဖြစ်သော ဒုံးပျံယာဉ် လွှတ်တင်ရေးစခန်းကို အဆင့်မြှင့်တင်နိုင်ရန်လည်းကောင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန် လည်းကောင်း ဒေါ်လာသန်း ၁၅၀ သုံးစွဲရမည်ဖြစ်သည်။

အင်တာနက်။

နိုင်ငံတကာ အာကာသ အခြေစိုက်စခန်း ဖွင့်လှစ်ရန် အစီအစဉ် တစ်ရပ်ကို ရေးဆွဲ ထားသူ အာကာသ ယာဉ်မှူး အင်ဒီ သောမတ်စ်။ (ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျ နိုင်ငံ တောင်ပိုင်းရှိ ဝူးမရာ ဒုံးပျံ လွှတ်တင်ရေး စခန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၄)ကျင်းပ ချန်ပီယံဆုဖလားရယူရန် ချယ်လ်ဆီး အသင့်ဖြင်

လန်ဒန် ဧပြီ ၁၆

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၄)ကို စနေနေ့ကကျင်းပရာ ချယ်လ်ဆီးအသင်းက ဘော်လ်တန်အသင်းကို အခက်အခဲမရှိဘဲ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံဆုဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးရယူရန် လက်တစ်ကမ်းအလို၌ ရပ်တည်လျက်ရှိသည်။

ဂျွန်တယ်ရီနှင့် ဖရန့်ခ်လမ်းပတ်တို့၏ ဂိုးများနှင့်အတူ အနိုင်ရရှိသည့် ချယ်လ်ဆီး အသင်းသည် ယခုပွဲအပြီးတွင် မန်ချက်စတာယူနိုက်တက်အသင်းကို အမှတ်ကိုးမှတ်အသာဖြင့် ဖြတ်ထားနိုင်ပြီဖြစ်သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် သောကြာနေ့က ၎င်း၏အိမ်ကွင်းတွင် ဆန်းဒါးလန်းအသင်းနှင့်ကစားရာ၌ ဂိုးမရှိသရေကျခဲ့ရာ ပရိသတ်မှာ အံ့အားသင့်မှုဖြစ်ရသည်။

အကယ်၍ မန်ချက်စတာယူနိုက်တက်အသင်းသည် တနင်္လာနေ့ပွဲစဉ်၌ တော့တင်ဟမ်ဟော့စပါးအသင်းကို အနိုင်ရရှိခြင်းမရှိဘဲ ချယ်လ်ဆီးအသင်းက စတမ်းဖို့ဒ် ဘရစ်ဂျ်ကွင်းတွင်ကျင်းပသည့်ပွဲ၌ အဲဗာတန်အသင်းကို အနိုင်ကစားခြင်းဖြင့် ပရီမီယာလိဂ် ချန်ပီယံဆုဖလားရရှိရန်သေချာမည်ဖြစ်သည်။

ဧပြီ ၁၅ရက်က ရီးဘွတ်အားကစားကွင်းတွင် ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဖရန့်ခ်လမ်းပတ်(အလယ်) ဂိုးသွင်းယူစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မန်ချက်စတာယူနိုက်တက် (၀) - (၀) ဆန်းဒါးလန်း

သောကြာနေ့က ကျင်းပသောပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းသည် ဆန်းဒါးလန်းအသင်းနှင့် ဂိုးမရှိသရေကျခဲ့ရာ ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးမျှော်မှန်းချက်မှာ ခဲလေသမျှသဲရေကျဖြစ်ရသည်။ ဆန်းဒါးလန်းအသင်းသည် သရေကစားနိုင်ခဲ့လင့်ကစား တန်းဆင်းဇုန်သို့ဝင်ရောက်သွားပြီဖြစ်သည်။

အာဆင်နယ် (၃) - (၁) ဝက်စ်ဘရွန်း

လူစားထိုးဝင်ရောက်လာသူများဖြစ်ကြသော ရောဘတ်ပီရက်စ်နှင့်ဒင်းနစ်ဘားကမ့် တို့၏ ဂိုးများနှင့်အတူအနိုင်ရရှိသည့် အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲသို့ စတုတ္ထအကြိမ်ဝင်ခွင့်ရရှိရန် ကြိုးပမ်းချက်များ ပိုမိုခိုင်မာလာသည်။

အာဆင်နယ်အသင်းသည် အဖွင့်ဂိုးသွင်းယူနိုင်ရန် ပွဲချိန် ၄၄မိနစ်အထိ မနားမနေ ထိုးဖောက်ခဲ့ရသည်။ ဘီလာရုစ်လူမျိုး ကွင်းလယ်ကစားသမား အလက်ဇန္ဒားဟက်ဘ်သည် သီယာရီအွန်နရီနှင့် ဘောလုံးအပေးအယူပြုလုပ်ခဲ့ပြီးနောက် ဂိုးသွင်းနိုင်ခဲ့သည်။

ပွဲပြီးရန် ၁၈မိနစ်အလိုတွင် ဝက်စ်ဘရွန်းအသင်းမှ နိုင်ဂျယ်လ်ကွာရှီက ၂၅မီတာအကွာမှနေ၍ ဂိုးသွင်းနိုင်ခဲ့၍ နှစ်သိမ့်ဂိုးတစ်ဂိုး ရရှိခဲ့သည်။

အခြားပွဲရလဒ်များ

အဲဗာတန် (၀)	**-**	**(၁) စပါး**
ဖူလ်ဟမ် (၂)	**-**	**(၁) ချာလ်တန်**
နယူးကာဆယ် (၃)	**-**	**(၁) ဝီဂန်**
ပို့စ်မောက် (၁)	**-**	**(၀) မစ်ဒယ်ဘရော့**
ဝက်စ်ဟမ်း (၁)	**-**	**(၀) မန်စီးတီး**

အမ်အင်အေ/ရိုက်တာ



လီဗာပူးမြို့ရှိ ဂွတ်ဒီဆန်ကွင်းတွင် ဧပြီ ၁၅ရက်ကကျင်းပသောပွဲ၌ စပါးအသင်းမှ ရော်ဘီကီးယန်း(အလယ်)နှင့်အဲဗာတန်အသင်းမှ အလန်စတမ်တို့ တိုက်မိကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

❖ ရှားစောင်းပင်မှ

လက်တင်အမေရိကဒေသတွင် ရှားစောင်းလက်ပတ်ပင်ကိုအသုံးပြု၍ ရေသန့်စင်သည့် မိရိုးဖလာနည်းလမ်းတစ်ရပ်ရှိသည်။ ယင်းမှာ ရှားစောင်းပင်ကိုပြုတ်၍ ရရှိသောပြုတ်ရေကို သောက်ရေအတွင်းသို့ ခတ်လိုက်ပါ။ သောက်ရေအတွင်းရှိ အနည်အနှစ်အမှုန်များ အောက်သို့အနည်ထိုင် ကျရောက်ခြင်းပင်ဖြစ်သည်။ အနည်အနှစ်အမှုန်များ အနည်ထိုင်စေခြင်းဖြင့် အပေါ်လွှာပိုင်းရှိရေကို ရေကောင်းရေသန့်အဖြစ် သုံးစွဲနိုင်သည်။

ဓာတုဗေဒအင်ဂျင်နီယာ နော်မာအယ်လ်ကနဲတာနှင့် အဖွဲ့သည် ရှားစောင်းအပင်တွင်ပါရှိသည့် ကော်ရည်ကဲ့သို့ ပျစ်ခဲနေသောပျော့တော့တော့အရာဝတ္ထုပစ္စည်းကို သဘာဝရေစစ်အဖြစ်အသုံးပြုနိုင်ရန် လေ့လာလျက်ရှိကြသည်။

ရှားစောင်းအပင်မှထုတ်လုပ်သော မြူဆယ်လေ့ကော်တစ်မျိုး (Mucilage)သည် အနည်အနှစ် အမှုန်များကို အနည် ထိုင်စေသော ဂုဏ်သတ္တိရှိပြီး ငါးမိနစ်မျှသာကြာမြင့်သည့် အချိန်အတွင်းမှာပင် အနည်အားလုံးထိုင်သွားမည်ဖြစ်သည်။ ရေသန့်စင်ရေးစက်ရုံများတွင် အသုံးပြုလေ့ရှိသော ဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် အလျူမီနီယမ်ဆာလ်ဖိတ်မှာမူ အနည်ထိုင်စေသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် မြူဆယ်လေ့ကော်ထက် အချိန်သုံးဆပိုမိုကြာမြင့်သည်။

သိပ္ပံပညာရှင်များ၏ ရည်ရွယ်ချက်မှာ ရှားစောင်းပင်မှ ထုတ်လုပ်သော မြူဆယ်လေ့ကော်၏ မော်လီကျူးများ အလုပ်လုပ်မှုကို လေ့လာခြင်းဖြင့် ယင်းကော်အသုံးပြု၍ ရေသန့်စင်နိုင်သော နည်းစနစ်ကို တိတိကျကျ ဖော်ထုတ်နိုင်ရန်ပင်ဖြစ်သည်။

အင်တာနက်။

မက္ကဆီကိုနိုင်ငံတွင် ရေသန့်စင်မှုလုပ်ငန်း၌ အသုံးချနိုင်ရန် သုတေသန လေ့လာမှုများပြုလုပ်လျက်ရှိသည့် ရှားစောင်းပင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာတိတ်ဒေသရေခဲပြင် အရည်ပျော်မှုမြန်ဆန်

ဝါရှင်တန် ဧပြီ ၁၆

ကနေဒါနိုင်ငံမြောက်ပိုင်း အာတိတ်ရေခဲပြင်ဒေသတွင် အဓိကစွန့်ပစ်သွားသော ပင်လယ်ဖျံကလေးများကို ထူးခြားစွာ တွေ့မြင်ခဲ့ရကြောင်း အာတိတ်ဒေသလေ့လာရေး သုတေသနအဖွဲ့တစ်ဖွဲ့က ဧပြီလထုတ် ရေနေနို့တိုက်သတ္တဝါများစာစောင် (Aquatic Mammals) တွင် ရေးသားတင်ပြခဲ့ကြသည်။

ဖော်ပြပါ သုတေသနအဖွဲ့သည် ရေခဲခွဲသင်္ဘောဖြင့် ကနေဒါမြောက်ပိုင်း ရေခဲပြင်ဒေသမှ တောင်ပိုင်း ဘယ်ရင်ပင်လယ်ဒေသအထိ သွားရောက်လေ့လာခဲ့ရာမှ အထက်ပါအခြေအနေကို သိရှိခဲ့ရခြင်းဖြစ်သည်။ ထိုအဖွဲ့သည် ၁၄ဒီဂရီဖာရင်ဟိုက် (ခုနစ်ဒီဂရီစင်တီဂရိတ်) အပူချိန်ရှိသော ပင်လယ်ရေပူစီးကြောင်းကို ထိုဒေသတစ်လျှောက် တိုင်းတာခဲ့ကြသည်။ ယင်းရေပူစီးကြောင်းကြောင့် အလာစကာ မြောက်ပိုင်း ပင်လယ်ပြင်ရှိ ရေခဲများ လျင်မြန်စွာ အရည်ပျော်လာခြင်းဖြစ်မည်ဟု ပညာရှင်များက ယူဆကြသည်။

ဝါးလ်ရပ်ခေါ် ပင်လယ်ဖျံငယ်ကလေးများကို မိခင်ဖျံကြီးများသည် အသက်နှစ်နှစ်မျှ ရောက်သည့်အချိန်အထိ ရင်အုပ်မကွာ ပြုစုစောင့်ရှောက်လေ့ရှိသည်။ ယခုကဲ့သို့ အဓိက စွန့်ပစ်သွားသော ပင်လယ်ဖျံလေးများကို တွေ့ရခြင်းမှာ ထူးခြားသောအခြေအနေပင်ဖြစ်သည်။

မိခင်ဖျံကြီးများသည် ရေခဲများရှိရာ မြောက်ပိုင်းသို့ အမီလိုက်ကြရာမှ ဖျံငယ်ကလေးများ နောက်ပိုင်းတွင် ကျန်နေရခြင်းဖြစ်မည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ



ရန်ကုန်တိုင်း မွေးမြူရေးခြံ အမှတ်(၁) စော်ဘွားကြီးကုန်း အင်းစိန်နေ ဒေါ်တင်တင်သန်း (ဌာနစုမှူး-ငြိမ်း)က အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးကျော်စိုး လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျောက်တော်မြို့နှင့် အမ်းမြို့တို့၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၁၆

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များနှင့်အတူ ဧပြီ ၁၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် စစ်တွေမြို့မှ ကျောက်တော်မြို့သို့ ရောက်ရှိရာ ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးကြီးရာပြည့်နှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ နဝရတ်ခန်းမ၌ ကျောက်တော်တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သည့် မိမိတို့အဖွဲ့ ရခိုင်ပြည်နယ်အတွင်း လှည့်လည်သွားရောက်လျက်ရှိသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များ၊ အမျိုးသားရေး မူဝါဒများကို ဦးထိပ်ပန်ဆင်၍ ဦးတည်ချက် (၁၂)ရပ်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်နေမှုများ၊ စီမံကိန်းများကို စနစ်တကျ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်နေမှုများ၊ ရည်မှန်းချက်ပန်းတိုင်သို့ **စာမျက်နှာ ၈ ကော်လံ ၅ သို့ ▲**

လမ်းညွှန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမ်းမြို့ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ အမ်းတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှားစောင်းပင်ကို အသုံးပြု၍ ရေသန့်စင်မည့် မက္ကဆီကိုဓာတုဗေဒအင်ဂျင်နီယာများ နည်းလမ်းရှာ

ရေသန့်စင်မှုလုပ်ငန်းအတွက် အသုံးပြုနိုင်မည့် ကန္တာရအပင်တစ်မျိုးဖြစ်သော ရှားစောင်းပင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုစီးတီး ဧပြီ ၁၆

မက္ကဆီကိုနိုင်ငံမှ သိပ္ပံပညာရှင်များသည် ရှားစောင်းပင်ကို အသုံးပြုကာ ရေသန့်စင်နိုင်သည့် နည်းသစ်တစ်ရပ်ကို တီထွင်ကြံဆလျက်ရှိကြကြောင်း ဧပြီ ၁၆ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

လက်တင်အမေရိကဒေသရှိ မက္ကဆီကိုနိုင်ငံသည် ရေကောင်းရေသန့်ရရှိရေးပြဿနာ တွေ့ကြုံနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မက္ကဆီကိုနိုင်ငံရှိ ဒေသအချို့တွင် ရရှိနိုင်သည့်ရေမှာ သန့်စင်မှုနည်းပါးခြင်းကြောင့် ဒေသခံပြည်သူများ ရေမှ သယ်ဆောင်သော ရောဂါဘယများ ဖြစ်ပွားနိုင်သည့် အန္တရာယ်လည်းရှိနေသည်။

သိပ္ပံပညာရှင်များသည် "တီထွင်ကြံဆနည်းလမ်းရ" ဟူသော စကားနှင့်အညီ သန့်စင်မှုနည်းပါးပြီး ညစ်ညမ်းနေသော ရေကို ရေကောင်းရေသန့်အဖြစ်သို့ ပြောင်းလဲနိုင်မည့်နည်းလမ်းတစ်ရပ် ရှာဖွေဖော်ထုတ်ရာတွင် ဒေသတွင်း ပေါက်ရောက်သော အပင်တစ်မျိုးဖြစ်သည့် ရှားစောင်းပင်ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ဆူးချွန်လေးများနှင့်အတူ တွေ့ရသည့် ရှားစောင်းပင်ကို သဘာဝရေစစ်တစ်ခုသဖွယ် အသုံးပြုနိုင်ကြောင်း ဓာတုဗေဒ အင်ဂျင်နီယာတစ်ဦးဖြစ်သူ နော်မာအယ်လ်ကနဲတာက ပြောကြားသည်။

ရှားစောင်းပင်သည် မက္ကဆီကိုနိုင်ငံအပါအဝင် လက်တင်အမေရိကဒေသတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ရှင်သန်ပေါက်ရောက်သည့်အပင်ဖြစ်ပြီး ဒေသခံများက ရှားစောင်းပင်ကိုပြုတ်၍ စားသုံးလေ့ရှိသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖**

ယနေ့ မိုးလေဝသ

(၁၇-၄-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော် မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။